ကြေးမုံ The Mirror

၁၃၇၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်၊ စနေနေ့၊ (31-5-2008) (၅၆၉၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော် အင်အားစုသုံးရပ် ညီညွတ်စွာပူးပေါင်းတည်ဆောက်မှ အောင်မြင်နိုင်မည်ဆိုသည့် ခံယူချက်သည် နိုင်ငံတော်၏ မူဝါဒပင်ဖြစ်

ကျော်ရဲမင်း၏ "သားသမီးတို့အပေါ် အစဉ်လွှမ်းခြုံလျက်ရှိသည့် မိဘ၏ မေတ္တာစေတနာများ(၂)" (ဆောင်းပါး) စာမျက်နှာ-၇၉၊၁၀

"နိုင်ငံတော်တည်ဆောက်ရေး၌ နိုင်ငံတော်အစိုးရချည်းသက်သက် ဆောင်ရွက်၍ မရနိုင်၊ နိုင်ငံတော်တည်ဆောက်ရာ၌ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော် အင်အားစုသုံးရပ် ညီညွတ်စွာ ပူးပေါင်းတည်ဆောက်မှ အောင်မြင်နိုင်မည်ဆိုသည့် ခံယူချက်သည် နိုင်ငံတော်၏ မူဝါဒပင်ဖြစ်၊ ဤမူဝါဒ၊ ခံယူချက်နှင့်အညီ တပ်မတော်က နိုင်ငံတော်၏တာဝန်ကို စတင်ရယူခဲ့ရချိန်မှ စတင်၍ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ပေါင်းစည်းညီညွတ်သည့် စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်လာခဲ့ခြင်းဖြစ်၊ ဤစွမ်းအားစုသုံးရပ်၏ ညီညွတ်သည့် အားမာန်စွမ်းအားဖြင့် မည်သည့် အကျပ်အတည်း၊ အခက်အခဲကိုမဆို ရင်ဆိုင်ကျော်လွှားနိုင်ခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်၊ ယခု မုန်တိုင်းဒဏ် ကျရောက်ခဲ့ရာ၌လည်း ဤပေါင်းစည်းညီညွတ်သည့်စွမ်းအားဖြင့်ပင် နိုင်ငံတော်ကို ပြန်လည်ထူထောင်နေခြင်းဖြစ်၊ ရှေ့အဖို့မှာလည်း ဤမူဝါဒ ခံယူချက်နှင့်ပင် မိမိနိုင်ငံ မိမိ ဆက်လက်တည်ဆောက်သွားမည်ဖြစ်ရာ ရေရှည်တွင်လည်း အောင်မြင်မှုများရရှိမှာ အမှန်ပင်ဖြစ်"

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆေးကုသရေးအဖွဲ့က မော်တော်ယာဉ်များ၊ ဆေးနှင့်ဆေးပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုအစဉ်အလာအရ မုန်တိုင်းဒဏ်ခံခဲ့ရသော ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့မှ ပြည်သူများအား ဆေးအကာအကွယ်ပေးခဲ့ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆေးကုသရေးအဖွဲ့သည် မေ ၁၉ ရက်မှ ၃၀ ရက်အထိ ကွင်းဆင်းဆေးကုသရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပြီး ၎င်းတို့နိုင်ငံသို့ ပြန်လည်မထွက်ခွာမီ ဆေးကုသရေးလုပ်ငန်းများတွင် အသုံးပြုခဲ့သော မီနီဘတ်စ်မော်တော်ယာဉ် နှစ်စီး၊ လူနာတင်ယာဉ်နှစ်စီးနှင့် ဆေးနှင့်ဆေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ Dusit Inya Lake Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးက ကျေးဇူးတင်စကားပြောကြားပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✦

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ သံမှူး Mr. Tang Hai က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆေးကုသရေးအဖွဲ့မှ လှူဒါန်းသည့် မီနီဘတ်စ်မော်တော်ယာဉ် နှစ်စီး၊ လူနာတင်ယာဉ်နှစ်စီး၊ ဆေးနှင့်ဆေးပစ္စည်းကိရိယာများနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးထံ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ကြေးမုံ
The Mirror
၃၁-၅-၂၀၀၈
(စနေနေ့)

ဆေးလိပ်သောက်မှုအန္တရာယ် သိမြင်ရှောင်ကြဉ် ဆေးလိပ်ငွေ့ကင်းစင်သော ပတ်ဝန်းကျင်ဖန်တီး

မျက်မှောက်ကာလတွင် ဆေးလိပ်သောက်သည့် အလေ့အထများ ကမ္ဘာတစ်ခွင် ပျံ့နှံ့လျက်ရှိသည်။ ဆေးလိပ်၊ ဆေးရွက်ကြီးထွက် ပစ္စည်းများ သောက်သုံးမှုကြောင့် ယင်းတို့နှင့် နှီးနွှယ်သည့်ရောဂါများ ဖြစ်ပွားခံစားနေကြရသည်။

ဆေးလိပ်ငွေ့တွင် နီကိုတင်းနှင့် ကင်ဆာဖြစ်စေသော ဓာတ်ပစ္စည်းများ ပါဝင်သဖြင့် ဆေးလိပ်သောက်သူများအနေဖြင့် အဆုတ်ကင်ဆာ၊ အသည်းကင်ဆာနှင့် ခံတွင်းကင်ဆာရောဂါများ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ သွေးတိုးရောဂါများ ဖြစ်ပေါ်စေနိုင်သည်။

ဆေးလိပ်သောက်ခြင်းသည် ကိုယ်တိုင်သောက်သုံးနေသူများသာမက ဆေးလိပ်သောက်သူများက ဖွာထုတ်လိုက်သော ဆေးလိပ်ငွေ့အား ရှူရှိုက်မိသူများကိုပါ အန္တရာယ်ဖြစ်စေနိုင်သည်။ ဆေးလိပ်သောက်သူ မိဘတို့၏ ရင်သွေးငယ်များ၊ ဆေးလိပ်ကြိုက်သော လုပ်ဖော်ကိုင်ဖက်တို့၏ ပတ်ဝန်းကျင်တွင် နေထိုင်သူများသည်လည်း ကိုယ်တိုင်သောက်သုံးသူကဲ့သို့ ကျန်းမာရေး ထိခိုက်ကြရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက နှစ်စဉ် မေလ ၃၁ ရက်နေ့ကို ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အဖြစ် သတ်မှတ်ထားသည်။ မြန်မာနိုင်ငံတွင် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားများကို ၁၉၈၉ခုနှစ်မှစတင်၍ ကျင်းပခဲ့ပြီး ဆေးလိပ်သောက်မှုကြောင့် ဖြစ်ပွားတတ်သော အန္တရာယ်များအကြောင်း ဟောပြောပွဲများ၊ စာတမ်းဖတ်ပွဲများ၊ ဆွေးနွေးပွဲများ ကျင်းပခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေအရ အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် ဆေးလိပ်သောက်သုံးခွင့် ပြုတော့မည်မဟုတ်ပေ။ အများပြည်သူ စီးနင်းသွားလာနေသည့် ယာဉ်များ၊ ပြည်သူ့ဆေးရုံ၊ သင်ကြားရေး အဆောက်အအုံ၊ ကုန်တိုက်များ၊ ရုပ်ရှင်ရုံများ၊ အားကစားကွင်းများစသည်တို့တွင် ဆေးလိပ်သောက်ခြင်းကို သက်ဆိုင်ရာတို့က ကြပ်မတ်တားဆီး ကြရမည်ဖြစ်သည်။

စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ပြောင်းဖူးဖက်လိပ်၊ ဆေးတံသောက်ဆေးစသည့် ဆေးရွက်ကြီးကို အခြေခံ၍ပြုလုပ်ထားသော ပစ္စည်းမှန်သမျှသည် ကိုယ်တိုင်သောက်သုံးသူနှင့် ပတ်ဝန်းကျင်နေသူများကိုပါ အန္တရာယ်ဖြစ်စေသည်ဖြစ်ရာ လူတိုင်းလူတိုင်းက ဆေးလိပ်သောက်မှုအန္တရာယ်ကို သိမြင်ရှောင်ကြဉ်ကြပြီး ဆေးလိပ်ငွေ့ကင်းစင်သော ပတ်ဝန်းကျင်ကို ဖန်တီးဖော်ဆောင်ကြခြင်းဖြင့် ပြည်သူတိုင်း ဆေးလိပ်ကြောင့် ဖြစ်ပွားသော ရောဂါများမှ ကင်းဝေးနိုင်မည် ဖြစ်ပါသည်။ ။

မုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် ထိုင်းနိုင်ငံ တပ်မတော်နှင့် ပြည်သူများ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။

(သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမ်း-ပဒါန်းလမ်း တံတားနှင့် ကားလမ်းအခြေအနေများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃၀

ရခိုင်ပြည်နယ် အမ်းမြို့၌ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ မေ ၂၇ ရက် နံနက် ၇ နာရီခွဲတွင် အမ်းမြို့ ပဲပဒုံရွာအနီး ရန်ကုန်-စစ်တွေကားလမ်းပေါ်ရှိ သယု(ပဲပဒုံ) တံတားတည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးသန်းဆွေက တံတားစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ရန်ပုံငွေရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်ခင်ဇော်က စီမံကိန်းလုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရေးနှင့်ပစ္စည်းများ လေလွင့်မှုမရှိအောင် စနစ်တကျ သုံးစွဲဆောင်ရွက်ရေးတို့ကို မှာကြားကာ တံတားတည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဗိုလ်ချုပ်ခင်ဇော်သည် သယုချောင်းကူး ဘေလီကြိုးတံတားသို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား တံတားကြံ့ခိုင်မှုရှိစေရန် အမြဲမပြတ်စစ်ဆေး၍ယာဉ်များ တစ်စီးပြီးမှတစ်စီး ဖြတ်သန်းရေး တံတားပေါ်၌ ယာဉ်များသတ်မှတ်မိုင်နှုန်းဖြင့်သာ မောင်းနှင်ရေးတို့ကို မှာကြားသည်။

အဆိုပါ သယု (ပဲပဒုံ)တံတားသည် အရှည်ပေ ၄၀၀၊ အကျယ် ၂၄ ပေနှင့် တံတားခံနိုင်ဝန်မှာ ၃၆ တန် ဖြစ်ပြီး ၂၀၀၈ ခုနှစ် ဧပြီ ၁ ရက်မှစတင်၍ တည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်နေကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့သည် အမ်း-ပဒါန်း လမ်းတစ်လျှောက် လမ်း၊ တံတားများ ကြံ့ခိုင်မှုအခြေအနေနှင့် လမ်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်၆၄/၇မိုင်ရှိ ကြက်ရေစမ်း စခန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌တာဝန်ခံအင်ဂျင်နီယာများက မင်းဘူး-အမ်း-တပ်တောင်လမ်း၊ မင်းဘူး-ငဖဲလမ်း (မင်းဘူးမြို့နယ်)လမ်းပိုင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်ခင်ဇော်က မြေထိန်းကျောက်စီနံရံနှင့် ကွန်ကရစ်မြောင်းများ ပြုလုပ်ရေး ရရှိသည့် ရန်ပုံငွေဖြင့် လမ်းပိုင်းအလိုက် တိုးတက်ကောင်းမွန်အောင် ဦးစားပေးဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်သည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ လိုက်ပါလျက် ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းနယ်စပ် မိုင်တိုင်အမှတ် ၆၀ သို့ရောက်ရှိရာ တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေတို့က အမ်း-ပဒါန်း-မင်းဘူး လမ်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး ဗိုလ်ချုပ်ခင်ဇော်က လိုအပ်သည်များကို မှာကြားညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်သည် အမ်း-ပဒါန်း-မင်းဘူး (နတ်ရေတောင်)လမ်းအတိုင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နတ်ရေကန်တောင် မိုက်ခရိုဝေ့ မိုင်တိုင်အမှတ် ၄၉/၅၃ သို့ရောက်ရှိကာ တာဝန်ရှိသူများအား နှစ်အလိုက်ရရှိသည့် ရန်ပုံငွေဖြင့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေထံ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံးနှင့် လက်အောက်ခံ တက္ကသိုလ်/ကျောင်း/တပ်များက ငွေကျပ် ၁၅၉ သိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လေဘေးသင့် ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် မေ ၃၀

မုန်တိုင်းတိုက်ခတ်ခံရသော ဒေသများအတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများအား ဆက်လက်လှူဒါန်းလျက်ရှိရာ မေ ၂၉ရက်တွင် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ) မုန်တိုင်းဒဏ်သင့်ဒေသ ပြည်သူများအတွက် အလှူငွေလက်ခံရာဌာန၌ အလှူရှင်များမှ လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေက လက်ခံသည်။

လှူဒါန်းကြသော အလှူရှင်များမှာ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၇၀) ကျောင်းဆင်းအရာရှိများက ငွေကျပ် နှစ်သိန်း၊ ဦးမောင်မောင်အေး(ညွှန်မှူး-ငြိမ်း)ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန နှင့် ဒေါ်ခင်သန်းဌေး မိသားစု အလုံမြို့နယ်က ငွေကျပ် တစ်သိန်း၊ ဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း) ဦးဆောင်ညွှန်ကြားရေးမှူး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နှင့် ဒေါ်သန်းသန်းအေး မိသားစုက ငွေကျပ် နှစ်သိန်း၊ ဗိုလ်မှူးသောင်းစိန်(ငြိမ်း)နှင့် ဒေါ်သန်းအေး မိသားစု ရွှေပေါက်ကံမြို့နယ်က ငွေကျပ် တစ်သိန်း၊ သစ်တောရေးရာဝန်ကြီးဌာနမှ တစ်ဆင့် MD Mr. Gaofei Puer Defu, Commercial and Trading Co., Ltd China က ငွေကျပ်သိန်း ၁၀၀၊ ဒေါ်ခင်ထားမူ တိုင်းရင်းဆေးပညာဦးစီးဌာန နေပြည်တော်က ငွေကျပ်တစ်သိန်း၊ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်ရုံးနှင့် လက်အောက်ခံ တက္ကသိုလ်/ကျောင်း/တပ်များက ငွေကျပ် ၁၅၉ သိန်း၊ ဦးဖြိုးမင်းဝင်း မူဆယ်မြို့က ငွေကျပ်သုံးသောင်း တို့ဖြစ်သည်။

မေ ၂၉ ရက်က လက်ခံရရှိသည့် အလှူငွေ စုစုပေါင်းမှာ ငွေကျပ် ၂၆၆၃၀၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ် (၁)စက်မှုဝန်ကြီး ဦးအောင်သောင်း မကွေးတိုင်းရှိ စက်မှုဇုန်များ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃၀

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မေ ၂၇ရက်တွင် မကွေးတိုင်း ရေနံချောင်းစက်မှုဇုန်ရှိ ရွှေနဂါးစက်မှုလက်မှု၊ Star မော်တော်ဆိုင်ကယ်ထုတ်လုပ်ရေးနှင့် ရွှေဝါမြေ ဆိုင်ကယ်ထုတ်လုပ်ရေးစက်ရုံများသို့ ရောက်ရှိပြီး ပြည်တွင်းဖြစ် မော်တော်ဆိုင်ကယ်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေနှင့် ဈေးကွက်သို့ တင်ပို့ရန် အသင့်ဖြစ်နေသော မော်တော်ဆိုင်ကယ်များကိုကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဝန်ကြီးသည် ချောက်မြို့ရှိ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံ(ချောက်)နှင့် မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း အဆင့်မြင့်ကြွေသီးစက်ရုံ စီမံကိန်း(ချောက်)တို့သို့ ရောက်ရှိပြီး အရည်အသွေးကောင်းမွန်သောကြွေသီးများရရှိရန်၊ လျှပ်စစ်ခံနိုင်ဝန် စမ်းသပ်မှု၊ မိုးကြိုးခံနိုင်ရည် စမ်းသပ်မှု၊ စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှုအခြေအနေနှင့်စက်ရုံမှစမ်းသပ်ထုတ်လုပ်ထားသော ဗို့အားခံ ကြွေသီးများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးဦးအောင်သောင်းက စီမံကိန်းလုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရန်၊မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ လိုအပ်လျက်ရှိသော အဆင့်မြင့်ကြွေသီးများ ပြည်ပသွင်းကုန် အစားထိုး ပစ္စည်းများအဖြစ် အမြန်ဆုံးထုတ်လုပ်နိုင်အောင် စီမံဆောင်ရွက်ကြရန်မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် ကျောက်ပန်းတောင်းမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မိတ္ထီလာခရိုင်၊ ညောင်ဦးမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်တို့မှ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား လည်းကောင်း၊ မိတ္ထီလာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မိတ္ထီလာခရိုင်၊ မိတ္ထီလာ၊ မလှိုင်၊ သာစည်နှင့် ဝမ်းတွင်းမြို့နယ်များမှ အသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအား လည်းကောင်း တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့်ကျေးလက်လုပ်ငန်းစဉ်(၅)ရပ်ကို ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းကူညီ ပံ့ပိုးကာ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့်အထည်စက်ရုံစီမံကိန်းသို့ ရောက်ရှိပြီး ပင်မအဆောက်အအုံ၏ မြို့ပြဆိုင်ရာအဆောက်အအုံတည်ဆောက်နေမှု၊ စက်ပစ္စည်းများ တပ်ဆင်မည့် အနေအထားကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် ရမည်းသင်းမြို့နယ် ဆပ်ပြာစက်ရုံ ဧည့်ခန်းမ၌ ရမည်းသင်းခရိုင်ရမည်းသင်းနှင့်ပျော်ဘွယ်မြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအား တွေ့ဆုံမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာအစိုးရ၊ အာဆီယံနှင့် ကုလသမဂ္ဂ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ မြန်မာနိုင်ငံ ကိုယ်စားလှယ်များ တာဝန်ပေးအပ်

နေပြည်တော် မေ ၃၀

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီက ၂၀၀၈ ခုနှစ် မေ ၃၀ ရက်တွင် သတင်းထုတ်ပြန်ချက် အမှတ်(၉)ကို ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

သတင်းထုတ်ပြန်ချက်အမှတ်(၉)

၁။ ၂၀၀၈ခုနှစ်၊ မေလ ၂-၃ရက်နေ့များတွင် မြန်မာနိုင်ငံ၌ ကျရောက်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့်အသက်အိုးအိမ်များဆုံးရှုံးခဲ့ရသည့်အတွက် မုန်တိုင်းဒဏ်ခံရသူများအား အကူအညီပေးရေး ကတိကဝတ်ပြုမည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အလှူရှင်နိုင်ငံများပါဝင်သည့် အာဆီယံ-ကုလသမဂ္ဂနိုင်ငံ တကာ ကတိကဝတ်ပြုရေးညီလာခံတစ်ရပ်ကို မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၌ ၂၅-၅-၂၀၀၈ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ ယင်းညီလာခံမှ မြန်မာအစိုးရ၊ အာဆီယံနှင့် ကုလသမဂ္ဂကိုယ်စားလှယ်(၃)ဦးစီဖြင့် ဖွဲ့စည်းသည့် Tripartite Core Group(TCG) သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ကို ဖွဲ့စည်းသွားရန်နှင့် ယင်းအဖွဲ့က မုန်တိုင်းဒဏ်သင့်ဒေသများမှ ပြည်သူများအား ပြန်လည်ထူထောင်ရေးအကူအညီများပေးအပ်သွားရန်၊ မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ပါသည်။

၂။ သုံးပွင့်ဆိုင် ဗဟိုအဖွဲ့တွင် မြန်မာနိုင်ငံ ကိုယ်စားလှယ်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကျော်သူ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြား ရေးမှူးချုပ် ဦးအောင်ထွန်းခိုင်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယညွှန်ကြား ရေးမှူးချုပ် ဦးသန်းအေးတို့အား တာဝန်ပေးအပ်ပြီး ဒုတိယဝန်ကြီး ဦးကျော်သူအား Tripartite Core Group(TCG)၏ဥက္ကဋ္ဌအဖြစ် ခန့်အပ်လိုက်ကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

ရက်စွဲ၊ ၃၀-၅-၂၀၀၈။
နေရာ၊ နေပြည်တော်။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး
ဗဟိုကော်မတီ

သောက်ရေသန့်များ အခမဲ့ဖြန့်ဝေပေးလျက်ရှိ

ရန်ကုန် မေ ၃၀

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယနေ့ မွန်းလွဲပိုင်းက မြို့တော်ခန်းမ ရှေ့မျက်နှာစာ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ပြည်သူများသို့ အခမဲ့သောက်ရေသန့်များ ဖြန့်ဝေနိုင်ရန် သောက်ရေသန့်စက် တည်ဆောက်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)**

အထက်ပါသောက်ရေသန့်စက်မှာ တစ်နာရီလျှင် သောက်ရေသန့် လီတာ ၁၀၀၀၀ ထုတ်လုပ်နိုင်သည်။ သောက်ရေသန့်များကို နေ့စဉ်နံနက် ၈နာရီမှ ညနေ ၄ နာရီအထိ အခမဲ့ဖြန့်ဝေပေးသည်။ သောက်ရေသန့်များကို အဖွင့်အပိတ် ပိုက်ခေါင်းများမှတစ်ဆင့် လိုအပ်သလို မိမိအစီအစဉ်ဖြင့် ယူဆောင်နိုင်ကြောင်း သိရှိရသည်။

(၁၉)

တန်ဖိုးရှိလှ
လူ့ငယ်ဘဝ
မူးယစ်ကင်းစင်
ကျန်းမာမှ

ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ အထူးကုဆရာဝန်ကြီးများအဖွဲ့ ကော့မှူးမြို့နယ် လေဘေးသင့်ပြည်သူများအား ကွင်းဆင်းကုသ

ရန်ကုန် မေ ၃၀

ဆေးတက္ကသိုလ်(၂) ရန်ကုန်ခေတ္တပါမောက္ခချုပ် ဒေါက်တာဦးတင့်ဆွေလတ် ဦးဆောင်သောအထူးကုဆရာဝန် ကြီးများအဖွဲ့သည် မေ ၂၅ ရက်က ရန်ကုန်တိုင်း ကော့မှူးမြို့နယ်သို့သွားရောက်၍ မုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများအား ကွင်းဆင်းဆေးကုသမှုပေးသည်။ **(ယာပုံ)** ဆေးကုသမှုအဖွဲ့တွင် ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ အထွေထွေရောဂါကု ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များနှင့် သူနာပြုတက္ကသိုလ်မှ သူနာပြုများ ပါဝင်ကြသည်။ အဆိုပါ ဆေးကုသမှုအဖွဲ့သည် ကော့မှူးပြည်သူ့ဆေးရုံ၊ နတ်စင်ကုန်း ကျေးလက်ကျန်းမာရေး ဌာနနှင့် အိုးဘိုကုန်း လေဘေးကယ်ဆယ်ရေးစခန်းများတွင် လေဘေးသင့်ပြည်သူ ၆၅၇ ဦးတို့အား ကွင်းဆင်း ဆေးကုသမှုပေးခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

✳ ကျောဖုံးမှ

သွားရောက်ပြီး ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ယင်လုံအိမ်သာ ဆောက်လုပ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

မေ ၂၆ရက် နံနက်ပိုင်းတွင်မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ ဦးစီးအရာရှိ ဦးဝင်းဝင်းနှင့် မြောင်းမြခရိုင် မီးသတ်တပ်ဖွဲ့ဝင်များသည် ထိုင်းနိုင်ငံမှ လှူဒါန်းသောဆေးဝါးပစ္စည်း တန်ချိန်ငါးတန်ကို လပွတ္တာမြို့နယ် (၅)မိုင်ကယ်ဆယ်ရေးစခန်းသို့ စေတနာ့ဝန်ထမ်း သယ်ယူပို့ဆောင်ပေးကြကြောင်း သိရသည်။

(သတင်းစဉ်)

✦ ရှေ့ဖုံးမှ

သံမှူး Mr. Tang Hai က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆေးကုသရေးအဖွဲ့မှ လှူဒါန်းသည့် မီနီဘတ်စ်မော်တော်ယာဉ်နှစ်စီး၊ လူနာတင်ယာဉ်နှစ်စီး၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ညွှန်ကြား ရေးမှူးချုပ် ဦးသန်းဦးထံ ပေးအပ်လှူဒါန်းသည်။

အဆိုပါမော်တော်ယာဉ်များနှင့် ဆေးနှင့် ဆေးပစ္စည်းကိရိယာများကို ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆေးကုသရေးအဖွဲ့ကို ဒေါက်တာကျန်ရှီပင်း (Dr. Xaing Shiping) ခေါင်းဆောင်၍ အုပ်ချုပ်သူ၊ ဆရာဝန်များနှင့်သူနာပြုများ စုစုပေါင်း အဖွဲ့ဝင် ၅၀ တို့လိုက်ပါခဲ့ကြပြီး ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ်၊ ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်နှင့် ကော့မှူးမြို့နယ်တို့မှ လေဘေးသင့်ပြည်သူ ၄၀၀၀ ကျော်တို့အား ဆေးအကာအကွယ်များပေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် နိုင်ငံခြားငွေကြေးလှူဒါန်းလိုသူများ လှူဒါန်းနိုင်

ရန်ကုန် မေ ၃၀

ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း ပြည်ပမှ နိုင်ငံခြားငွေကြေး လှူဒါန်းလိုသူများအနေဖြင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၌ ဖွင့်လှစ်ထားသော အောက်ဖော်ပြပါ နိုင်ငံခြားငွေစာရင်းများသို့ ငွေပေးသွင်းခြင်းဖြင့်သော်လည်းကောင်း၊ လွှဲပို့ခြင်းဖြင့်သော်လည်းကောင်း လှူဒါန်းနိုင်ကြောင်း သိရသည်။

အဆိုပါ နိုင်ငံခြားငွေစာရင်းများမှာ Rehabilitation and Reconstruction Sub-Committee Account အမေရိကန်ဒေါ်လာစာရင်းအမှတ်- 1DA 06-00002၊ Rehabilitation and Reconstruction Sub-Committee Account ယူရိုစာရင်းအမှတ် 1EA 06-00016 နှင့် Rehabilitation and Reconstruction Sub-Committee Account စင်ကာပူဒေါ်လာစာရင်းအမှတ် 1SA 06-00002 တို့ဖြစ်သည်။

(သတင်းစဉ်)

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ လက်တွဲညီစွာ အကောင်အထည်ဖော်

သတင်းမြင်ကွင်း - မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း - မောင်မောင်သန့်(မြန်မာ့အလင်း)

ဇရာဝတီတိုင်း မြောင်းမြမြို့သည် ကုန်းလမ်းနှင့် ရေလမ်းခရီးသွားလာနိုင်ခြင်းကြောင့် စီးပွားရေးအရ အချက်အချာကျသော မြို့တစ်မြို့ဖြစ်သည်။ အနီးဝန်းကျင်ရှိ မြို့များ၊ ကျေးရွာများမှ ရေလမ်း၊ ကုန်းလမ်းဖြင့် လာရောက်နိုင်သည်။ အထူးသဖြင့် မြစ်ဝကျွန်းပေါ်ထွက်ဆန်နှင့် အခြားလယ်ယာထွက်ကုန်ပစ္စည်းများနှင့် ရေထွက်ပစ္စည်းများလည်း ထွက်ရှိမှုကြောင့် စီးပွားရေးဖြစ်ထွန်းသည့် ဒေသတစ်ခုဖြစ်သည်။

ထောက်ပံ့ရေးပစ္စည်းစာအုပ် ထုတ်ပေးမည့်အစီအစဉ်

မြောင်းမြမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်နိုင်က လေဘေးဒဏ်ခံရသောသူများအတွက် ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ထုတ်ယူစားသုံးနိုင်အောင် စာအုပ်ထုတ်ပေးမည့် အစီအစဉ် ရှင်းပြစဉ်။

မြောင်းမြမြို့သည် မေလဆန်းပိုင်းကတိုက်ခတ်ခဲ့သောမုန်တိုင်းဒဏ်မခံရသည့် မြို့တစ်မြို့ ဖြစ်သည်။ သို့သော်လည်း လေဘေးဒဏ်ခံရသည့် လပွတ္တာ မြို့နယ်နှင့် ပြင်စလူမြို့နယ်မှ လေဘေးဒုက္ခသည်များအား ခရိုင်တာဝန်ရှိသူများ၊ မြို့နယ်တာဝန်ရှိသူများနှင့်မြို့မိမြို့ဖများက ညီရင်းအစ်ကို မောင်ရင်းနှမ၊ မိဘရင်းချာများသဖွယ် ချက်ပြုတ် ကျွေးမွေး ပြုစုစောင့်ရှောက်လျက်ရှိသည်။ မြောင်းမြမြို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့များက နေ့မအားညမနား ကူညီစောင့်ရှောက်ပေးနေခြင်း ဖြစ်သည်။

မြန်မာ့အလင်းသတင်းအဖွဲ့သည် လေဘေးကယ်ဆယ်ရေးနှင့် လေဘေးဒဏ်ခံရသောပြည်သူများ၏ဘဝ ဆက်လက်ရပ်တည်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ လေ့လာတင်ပြသွားနိုင်ရန် မြောင်းမြမြို့သို့ ရောက်ရှိခဲ့သည်။

ရှေးဦးစွာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးဟန်က ပြောကြားရာတွင် "ကျွန်တော်တို့ မြို့နယ်က လေဘေးဒဏ်မခံရပေမယ့် လပွတ္တာမြို့နယ်နဲ့ ပြင်စလူမြို့နယ်က လေဘေးဒဏ် ခံရသူတွေကို ကယ်ဆယ်ရေးစခန်းတွေ ဖွင့်လှစ်ပြီးကျွေးမွေးပြုစုစောင့်ရှောက်နေပါတယ်။ လေဘေးဖြစ်ပြီး မကြာမီမှာ ဒီမြို့နယ်တွေက လေဘေးသင့်သူတွေ အများအပြား ရောက်ရှိလာပါတယ်။ ဒါနဲ့ လေဘေးကယ်ဆယ်ရေးကော်မတီတွေလဲ အမြန်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ ကယ်ဆယ်ရေးစခန်း စုစုပေါင်း ၂၂ခု ဖွင့်လှစ်ပြီး လေဘေးဒုက္ခသည်ပေါင်း ၁၃၆၂၃ ဦးကို လက်ခံကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်ပေးခဲ့ပါတယ်။

အဆိုပါ လေဘေးကယ်ဆယ်ရေးစခန်းများကို ပုသိမ်တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးညီညီဇံ၊ ပုသိမ်မှ မြန်မာ့နှစ်ရှည်ပင် တိုင်းမန်နေဂျာ ဦးကြည်စိုး၊ ဇရာဝတီတိုင်း မီးသတ်ဦးစီးမှူး ဦးကြည်ဝင်းတို့ကလဲ လေဘေးကယ်ဆယ်ရေး ကွပ်ကဲရုံး ဖွင့်လှစ်၍ ရောက်ရှိလာသော ကယ်ဆယ်ရေးပစ္စည်းများ လေဘေးသင့်သူများထံ အမြန်ရောက်ရှိရေးအတွက် အနီးကပ် ကြီးကြပ်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

"ယခုအခါမှာတော့ကျွန်တော်တို့ မြို့နယ်တွင် လေဘေးဒဏ်ခံရတဲ့သူတွေထဲမှာ ကိုယ့်မြို့ကိုယ့်ရွာပြန်ဖို့ တောင်းဆိုနေတဲ့သူတွေထဲမှ အချို့ကို ပြန်လည်ပို့ဆောင်ပေးနေပါပြီ။ သူတို့ ဟိုရောက်ရင် စားနိုင်ရန် ဆန်၊ ဆီ အလုံအလောက်၊ အဝတ်အစား၊ စောင်၊ ခြင်ထောင်၊ မိုးဖို့ရွက်ဖျင်စအပြင် အစစအရာရာ လိုလေးသေးမရှိအောင် ပံ့ပိုးပေးခဲ့ပါတယ်" ဟု မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်နိုင်က ပြောကြားသည်။

"ဒါ့အပြင် လေဘေးသင့်သူများ သူ့ရပ်သူ့ရွာတွေမှာ ဆန်ကဲ့သို့ထောက်ပံ့ရေး ပစ္စည်းတွေကိုလဲ ဆက်လက်ထုတ်ယူစားသုံးနိုင်အောင် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ အစီအစဉ်နဲ့ စာအုပ်တွေ ထုတ်ပေးသွားမှာဖြစ်ပါတယ်။ ဟိုမှာ လယ်ယာလုပ်ငန်းခွင်တွေဝင်နိုင်ဖို့ ကျွဲ၊ နွားတွေကိုလဲ မော်လမြိုင်မြို့မှ မှာယူပြီး လပွတ္တာ ရှေ့တန်းစခန်းကို ပို့ပေးထားပါပြီ။ ဒါ့အပြင် မျိုးစပါးတင်း ၁၇၀၀၀၀ ကိုလဲ ဖြန့်ဝေပေးထားပြီဖြစ်ပါတယ်" ဟု ဥက္ကဋ္ဌ ဦးတင့်နိုင်က ဆက်လက်ပြောကြားသည်။

ထိုမှတစ်ဆင့် မြန်မာ့အလင်း သတင်းအဖွဲ့သည် ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်မေးမြန်းစေ့ငုခဲ့ပါသေးသည်။ ရှေးဦးစွာ ဂုန်လျှော် လေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိသည်။ ၎င်းစခန်းတွင် လေဘေးဒဏ် ခံရသူများအား မြန်မာနိုင်ငံ ကျန်းမာရေးမှူးများအသင်းမှ ဆေးခန်းဖွင့်၍ ကုသပေးနေသည်ကိုတွေ့ရသည်။ "လေဘေးဒဏ်ခံရတဲ့သူများ အဖြစ်အများဆုံးကတော့ အဆုတ်အအေးမိရောဂါများ ဖြစ်ပါတယ်။ဒုတိယအဖြစ်အများဆုံးကတော့ အပူကြောင့်ဖြစ်တဲ့ ရောဂါတွေပါ။ လေဘေးကျရောက်ပြီး မကြာမီမှာ သူတို့ အုန်းရေတွေ၊ အုန်းသီးနတွေ စားကြရာက ရတဲ့ဝေဒနာတွေ ဖြစ်ပါတယ်" ဟု ကျန်းမာရေးမှူး ဦးမျိုးတင့်က ပြောကြားသည်။

ထိုမှဆက်လက်၍ မြန်မာ့အလင်း သတင်းအဖွဲ့သည် ကယ်ဆယ်ရေး စခန်းအမှတ်(၁၀)ဖြစ်သည့် အလက(၇)သို့ ရောက်ရှိခဲ့သည်။ လေဘေးသင့်သူများအား စနစ်တကျ ထမင်းများ ကျွေးမွေးလျက်ရှိသည်ကို တွေ့ရသည်။ ၎င်းကယ်ဆယ်ရေး စခန်းရှိ ပြင်စလူမြို့နယ် သပြုကုန်းကျေးရွာမှ ဦးသိန်းထွန်းက "ကျွန်တော်တို့ လေဘေးဒုက္ခသည်တွေကို ကောင်းကောင်း မွန်မွန် ချက်ပြုတ်ကျွေးမွေးပါတယ်။ ဝက်သား၊ ကြက်သားများလဲ ချက်ပြုတ် ကျွေးမွေးပါတယ်" ဟု ပြောကြားသည်။

အဆိုပါ လေဘေးကယ်ဆယ်ရေးစခန်းသို့ ပြင်စလူမြို့နယ် သပြုကုန်းကျေးရွာအုပ်စု သပြေချောင်းကျေးရွာမှ သေကံမရောက် သက်မပျောက်ခဲ့သည့် မအေးမြင့်သန်း၏ လေဘေးမှ သေဘေးလွတ်မြောက်ခဲ့ရပုံများကို ဤသို့ ဝမ်းနည်းစွာ ကြားရပြန်သည်။

"အဲဒီမုန်တိုင်းစဝင်တဲ့ မေ ၂ ရက်ညကပေါ့။ ရေလုံးကြီးတွေ ၁၂ ပေ လောက်အထိတက်လာတယ်။ အိမ်တွေမြုပ်ကုန်တယ်။ မထင်မှတ်ဘဲ ရေတွေကလည်ပင်းအထိ ရောက်လာတယ်။ ဒါနဲ့ အိမ်အနီးမှာရှိတဲ့ ဘုရားရင်ပြင်ပေါ်ကို တက်ပြေးတယ်။ သမီးဒီဘုရားမှာ ပန်းအမြဲတမ်း ကပ်လှူတယ်။ မွေးနေ့တိုင်းမှာ သက်သတ်လွတ်စားတယ်။ ဒါနဲ့သမီးလဲ ဒီကုသိုလ်တွေကြောင့် သမီးတို့မိသားစု ဘေးမှလွတ်မြောက်ပါစေလို့ ဆုတောင်းလိုက်တယ်။ ဒီရေလုံးတွေ တက်လာပြီးတဲ့နောက် အနောက်မြောက် လေမုန်တိုင်းကလဲ တအားတိုက်တယ်။ ဘုရားအနီးမှာ သစ်ပင်ကြီးတွေ လဲကျတယ်။ ဒါပေမယ့် သမီးရဲ့ အဓိဋ္ဌာန်ကြောင့်လား မသိဘူး ဘုရားပေါ်မကျဘူး။ ဒီဘုရားကို ပြေးလာတဲ့ လူ ၁၃ ဦးလောက် အသက်ရှင်တယ်။ သမီးကတော့ သီလရှင်ဝတ်ပြီး နေတော့မယ်" ဟု ပြောကြားသည်။

အဆိုပါ ကယ်ဆယ်ရေးစခန်းမှ ညီအစ်ကို နှစ်ဦး၏ ဘဝကံကြမ္မာ ထူးဆန်းဖြစ်ပုံကိုလည်း ဤသို့ကြားသိရပြန်ပါသည်။

မြောင်းမြမြို့နယ် လေဘေး ကယ်ဆယ်ရေးစခန်းတွင် ရောက်ရှိနေသော သပြေချောင်းကျေးရွာ သပြုကုန်းအုပ်စု ပြင်စလူမှ မအေးမြင့်သန်းက သေဘေးမှလွတ်မြောက်ပုံကို ပြောပြစဉ်။

"သားက ပြင်စလူမြို့နယ် ကြာနီကန်ရွာကပါ။ အသက် ၁၂ နှစ်ရှိပါပြီ။ ရေတွေတက်လာချိန်မှာ သားပျဉ်ချပ်ကြီးတစ်ချပ်ကို တွေ့ပြီး ဖက်လိုက်လာခဲ့ပါတယ်။ ရေတွေကျသွားတော့ အမေ့ကို မတွေ့ရတော့ဘူး။ သားလိုက်ရှာတယ်။ ခုထိပဲသားကို စစ်ကားက တွေ့ပြီး ဒီကိုခေါ်လာတာပါ။ ဒီရောက်တော့ ညီအစ်ကို ဝမ်းကွဲတော်တဲ့ အစ်ကိုဇော်လင်းနဲ့ ပြန်တွေ့ပါတယ်" ဟု သေဘေးမှ လွတ်မြောက်ခဲ့ရပုံများကို ရှင်းပြသည်။

ထိုမှဆက်လက်၍ မြန်မာ့အလင်း သတင်းအဖွဲ့သည် ကယ်ဆယ်ရေးစခန်း အမှတ်(၆) အလက(၁)သို့ ခရီးဆိုက်ရောက်ခဲ့သည်။ မြန်မာနိုင်ငံ ကြက်ခြေနီအဖွဲ့မှ စောင်၊ ဆေးစိမ် ခြင်ထောင်၊ ရေသန့် ဘူး၊ ဆပ်ပြာခဲ၊ အမိုးအတွက် ရွက်ဖျင်တဲကအစ၊ လယ်သမားသုံးပေါက်ပြား၊ ဓား၊ လွှ၊ တူ စသောပစ္စည်းများ ဖြန့်ဝေပေးနေ သည်ကို တွေ့ရသည်။

ထိုမှတစ်ဆင့် နောက်ထပ် ကယ်ဆယ်ရေးတစ်ခုဖြစ်သည့် အမှတ်(၂) အထကသို့ ရောက်ရှိရာ ရန်ကုန်မြို့မှ အလှူရှင်တစ်ဦးဖြစ်သည့် ဦးစိုးဝင်းမိသားစုက သဒ္ဓါရက်ရောစွာ ကျားဝတ်၊ မဝတ် ပုဆိုး၊ လုံချည်နှင့် အင်္ကျီများ တစ်ဦးချင်း လှူဒါန်းပေးနေသည်ကိုလည်း တွေ့ရသည်။

ထိုစခန်းရှိ ပြင်စလူမြို့နယ် အရာတော်ကျေးရွာမှ လေဘေးဒဏ်ခံရသောကိုနေလင်းကလည်း ဤသို့ ကဗျာရေးစပ်၍ အလှူရှင်များ သဒ္ဓါပေါက်စေရန် နှိုးဆော်ရေးသားထားသည်ကိုလည်း တွေ့ရသည်။

ကယ်တော်မူပါဘုရား

ရသည့်ဥစ္စာ၊ ချစ်သူပါ စွန့်ခွာသွားရသည်
ခဏမစဲ အိုစမြဲ ကိုယ်လည်းသေရမည်
မသေရခင်၊ သွားလမ်းစဉ်ကြိုတင်ပြင်ဆင်သင့်ပြီ
ဒါန၊ သီလ၊ ဘာဝနာလမ်းသာ တွင်လိမ့်မည်
မဂ္ဂင်ယာဉ်ကြီး အမြန်စီး၊ ခရီး ထွက်ကြမည်

ဟု ရေးသားထားသည်။

ထိုစခန်းအတွင်း အသက် ငါးနှစ်အောက် ကလေးများကိုလည်း ပြင်ရှာတိုက်နယ်ကျန်းမာရေးဝန်ထမ်းများက ဝက်သက် ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိသည်ကိုလည်း တွေ့ရ သည်။

ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံ

မြောင်းမြမြို့နယ် အထက(၂) လေဘေးကယ်ဆယ်ရေးစခန်းတွင် ပြင်ရှာတိုက်နယ်မှ ကျန်းမာရေးဆရာမများက ကလေးငယ်များအား ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံပေးစဉ်။

ထိုမှ ဆက်လက်၍ မြန်မာ့အလင်း သတင်းအဖွဲ့သည် ကယ်ဆယ်ရေးစခန်းဖြစ်သည့်မြောင်းမြမြို့ သာသနာ့ဗိမာန်သို့ ရောက်ရှိခဲ့သည်။ လေဘေးသင့်သူများ စိတ်ပြေပျောက်စေရန် ဗီဒီယိုအခွေ ထိုးပြနေသည်။ ယင်းနှင့်ကပ်လျက် မိုးကုတ်ဝိပဿနာ စခန်း(၂၆)၌ လေဘေးသင့်သူများ စခန်းအားလုံးအတွက် နေ့ညမပြတ် ချက်ပြုတ်လျက်ရှိသည်ကိုလည်း တွေ့ရသည်။

မြောင်းမြမြို့ ရေဆိပ်များတွင်လည်း ဌာနေပြန်ကြသည့် လေဘေးဒုက္ခသည်များကို ကျွေးမွေးစောင့်ရှောက် လိုက်လံပို့ဆောင်သူများအား လက်ခုပ်လက်ဝါး တီး၍ ပြုံးပျော်ကြည်နူးစွာဖြင့် နှုတ်ဆက်နေသည့် မြင်ကွင်းကိုလည်း တွေ့ခဲ့ရသည်။

ဤသို့ဖြင့် မုန်တိုင်းဒဏ်ခံရသော လေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းတွင် မြောင်းမြမြို့မှ တာဝန်ရှိသူများ၊ ကွပ်ကဲရေး တာဝန်ခံအရာရှိများ၊ မြို့မိမြို့ဖနှင့် အလှူရှင်များ၏ စေတနာ သဒ္ဓါတရား ထက်သန်မှု မြင်ကွင်းအလှကို ရှုမြင်ခဲ့ရပါတော့သည်။ ။

အမှတ် (၁)စက်မှုဝန်ကြီး ဦးအောင်သောင်း မကွေးတိုင်းရှိ စက်မှုဇုန်များ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃၀

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မေ ၂၇ရက်တွင် မကွေးတိုင်း ရေနံချောင်းစက်မှုဇုန်ရှိ ရွှေနဂါးစက်မှုလက်မှု၊ Star မော်တော်ဆိုင်ကယ်ထုတ်လုပ်ရေးနှင့် ရွှေဝါမြေ ဆိုင်ကယ်ထုတ်လုပ်ရေးစက်ရုံများသို့ ရောက်ရှိပြီး ပြည်တွင်းဖြစ် မော်တော်ဆိုင်ကယ်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေနှင့် ဈေးကွက်သို့ တင်ပို့ရန် အသင့်ဖြစ်နေသော မော်တော်ဆိုင်ကယ်များကိုကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဝန်ကြီးသည် ချောက်မြို့ရှိ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံ(ချောက်)နှင့် မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း အဆင့်မြင့်ကြွေသီးစက်ရုံ စီမံကိန်း(ချောက်)တို့သို့ ရောက်ရှိပြီး အရည်အသွေးကောင်းမွန်သော ကြွေသီးများရရှိရန်၊ လျှပ်စစ်ခံနိုင်ဝန် စမ်းသပ်မှု၊ မိုးကြိုးခံနိုင်ရည် စမ်းသပ်မှု၊ စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှု အခြေအနေနှင့်စက်ရုံမှစမ်းသပ်ထုတ်လုပ်ထားသော ဗို့အားခံ ကြွေသီးများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီး ဦးအောင်သောင်းက စီမံကိန်းလုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရန်၊မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ လိုအပ်လျက်ရှိသော အဆင့်မြင့်ကြွေသီးများ ပြည်ပသွင်းကုန် အစားထိုး ပစ္စည်းများအဖြစ် အမြန်ဆုံးထုတ်လုပ်နိုင်အောင် စီမံဆောင်ရွက်ကြရန်မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် ကျောက်ပန်းတောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မိတ္ထီလာခရိုင်၊ ညောင်ဦးမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်တို့မှ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား လည်းကောင်း၊ မိတ္ထီလာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မိတ္ထီလာခရိုင်၊ မိတ္ထီလာ၊ မလှိုင်၊ သာစည်နှင့် ဝမ်းတွင်းမြို့နယ်များမှ အသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအား လည်းကောင်း တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့်ကျေးလက်လုပ်ငန်းစဉ်(၅)ရပ်ကို ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းကူညီ ပံ့ပိုးကာ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့်အထည်စက်ရုံစီမံကိန်းသို့ ရောက်ရှိပြီး ပင်မအဆောက်အအုံ၏ မြို့ပြဆိုင်ရာ အဆောက်အအုံတည်ဆောက်နေမှု၊ စက်ပစ္စည်းများ တပ်ဆင်မည့် အနေအထားကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် ရမည်းသင်းမြို့နယ် ဆပ်ပြာစက်ရုံ ညှော်ခန်းမ၌ ရမည်းသင်းခရိုင်ရမည်းသင်းနှင့်ပျော်ဘွယ်မြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအား တွေ့ဆုံမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာအစိုးရ၊ အာဆီယံနှင့် ကုလသမဂ္ဂ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ မြန်မာနိုင်ငံ ကိုယ်စားလှယ်များ တာဝန်ပေးအပ်

နေပြည်တော် မေ ၃၀

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီက ၂၀၀၈ ခုနှစ် မေ ၃၀ ရက်တွင် သတင်းထုတ်ပြန်ချက် အမှတ်(၉)ကို ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

သတင်းထုတ်ပြန်ချက်အမှတ်(၉)

၁။ ၂၀၀၈ခုနှစ်၊ မေလ၂-၃ရက်နေ့များတွင် မြန်မာနိုင်ငံ၌ ကျရောက်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့်အသက်အိုးအိမ်များဆုံးရှုံးခဲ့ရသည့်အတွက် မုန်တိုင်းဒဏ်ခံရသူများအား အကူအညီပေးရေး ကတိကဝတ်ပြုမည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အလှူရှင်နိုင်ငံများပါဝင်သည့် အာဆီယံ-ကုလသမဂ္ဂနိုင်ငံ တကာ ကတိကဝတ်ပြုရေးညီလာခံတစ်ရပ်ကို မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၌ ၂၅-၅-၂၀၀၈ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ ယင်းညီလာခံမှ မြန်မာအစိုးရ၊ အာဆီယံနှင့် ကုလသမဂ္ဂကိုယ်စားလှယ်(၃)ဦးစီဖြင့် ဖွဲ့စည်းသည့် Tripartite Core Group(TCG) သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ကို ဖွဲ့စည်းသွားရန်နှင့် ယင်းအဖွဲ့က မုန်တိုင်းဒဏ်သင့်ဒေသများမှ ပြည်သူများအား ပြန်လည်ထူထောင်ရေးအကူအညီများပေးအပ်သွားရန်၊ မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ပါသည်။

၂။ သုံးပွင့်ဆိုင် ဗဟိုအဖွဲ့တွင် မြန်မာနိုင်ငံ ကိုယ်စားလှယ်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကျော်သူ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြား ရေးမှူးချုပ် ဦးအောင်ထွန်းခိုင်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယညွှန်ကြား ရေးမှူးချုပ် ဦးသန်းအေးတို့အား တာဝန်ပေးအပ်ပြီး ဒုတိယဝန်ကြီး ဦးကျော်သူအား Tripartite Core Group(TCG)၏ဥက္ကဋ္ဌအဖြစ် ခန့်အပ်လိုက်ကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

ရက်စွဲ၊ ၃၀-၅-၂၀၀၈။
နေရာ၊ နေပြည်တော်။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး
ဗဟိုကော်မတီ

သောက်ရေသန့်များ အခမဲ့ဖြန့်ဝေပေးလျက်ရှိ

ရန်ကုန် မေ ၃၀

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယနေ့ မွန်းလွဲပိုင်းက မြို့တော်ခန်းမ ရှေ့မျက်နှာစာ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ပြည်သူများသို့ အခမဲ့သောက်ရေသန့်များ ဖြန့်ဝေနိုင်ရန် သောက်ရေသန့်စက် တည်ဆောက်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)**

အထက်ပါသောက်ရေသန့်စက်မှာ တစ်နာရီလျှင် သောက်ရေသန့် လီတာ ၁၀၀၀၀ ထုတ်လုပ်နိုင်သည်။ သောက်ရေသန့်များကို နေ့စဉ်နံနက် ၈နာရီမှ ညနေ ၄ နာရီအထိ အခမဲ့ဖြန့်ဝေပေးသည်။ သောက်ရေသန့်များကို အဖွင့်အပိတ် ပိုက်ခေါင်းများမှတစ်ဆင့် လိုအပ်သလို မိမိအစီအစဉ်ဖြင့် ယူဆောင်နိုင်ကြောင်း သိရှိရသည်။

(၁၉)

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှု

ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ အထူးကုဆရာဝန်ကြီးများအဖွဲ့ ကော့မှူးမြို့နယ် လေဘေးသင့်ပြည်သူများအား ကွင်းဆင်းကုသ

ရန်ကုန် မေ ၃၀

ဆေးတက္ကသိုလ်(၂) ရန်ကုန်ခေတ္တပါမောက္ခချုပ် ဒေါက်တာဦးတင့်ဆွေလတ် ဦးဆောင်သောအထူးကုဆရာဝန် ကြီးများအဖွဲ့သည် မေ၂၅ ရက်က ရန်ကုန်တိုင်း ကော့မှူးမြို့နယ်သို့သွားရောက်၍ မုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများအား ကွင်းဆင်းဆေးကုသမှုပေးသည်။ **(ယာပုံ)** ဆေးကုသမှုအဖွဲ့တွင် ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ အထွေထွေရောဂါကု ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များနှင့် သူနာပြုတက္ကသိုလ်မှ သူနာပြုများ ပါဝင်ကြသည်။ အဆိုပါ ဆေးကုသမှုအဖွဲ့သည် ကော့မှူးပြည်သူ့ဆေးရုံ၊ နတ်စင်ကုန်း ကျေးလက်ကျန်းမာရေး ဌာနနှင့် အိုးဘိုကုန်း လေဘေးကယ်ဆယ်ရေးစခန်းများတွင် လေဘေးသင့်ပြည်သူ ၆၅၇ ဦးတို့အား ကွင်းဆင်း ဆေးကုသမှုပေးခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

✳ ကျောဖုံးမှ

သွားရောက်ပြီး ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ယင်လုံအိမ်သာ ဆောက်လုပ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

မေ ၂၆ရက် နံနက်ပိုင်းတွင်မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ ဦးစီးအရာရှိ ဦးဝင်းဝင်းနှင့် မြောင်းမြခရိုင် မီးသတ်တပ်ဖွဲ့ဝင်များသည် ထိုင်းနိုင်ငံမှ လှူဒါန်းသောဆေးဝါးပစ္စည်း တန်ချိန်ငါးတန်ကို လပွတ္တာမြို့နယ် (၅)မိုင်ကယ်ဆယ်ရေးစခန်းသို့ စေတနာ့ဝန်ထမ်း သယ်ယူပို့ဆောင်ပေးကြကြောင်း သိရသည်။

(သတင်းစဉ်)

✦ ရှေ့ဖုံးမှ

သံမှူး Mr. Tang Hai က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆေးကုသရေးအဖွဲ့မှ လှူဒါန်းသည့် မီနီဘတ်စ်မော်တော်ယာဉ်နှစ်စီး၊ လူနာတင်ယာဉ်နှစ်စီး၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ညွှန်ကြား ရေးမှူးချုပ် ဦးသန်းဦးထံ ပေးအပ်လှူဒါန်းသည်။

အဆိုပါမော်တော်ယာဉ်များနှင့် ဆေးနှင့် ဆေးပစ္စည်းကိရိယာများကို ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆေးကုသရေးအဖွဲ့ကို ဒေါက်တာကျန်ရှိပင်း (Dr. Xaing Shiping) ခေါင်းဆောင်၍ အုပ်ချုပ်သူ၊ ဆရာဝန်များနှင့်သူနာပြုများ စုစုပေါင်း အဖွဲ့ဝင် ၅၀ တို့လိုက်ပါခဲ့ကြပြီး ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ်၊ ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်နှင့် ကော့မှူးမြို့နယ်တို့မှ လေဘေးသင့်ပြည်သူ ၄၀၀၀ ကျော်တို့အား ဆေးအကာအကွယ်များပေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် နိုင်ငံခြားငွေကြေးလှူဒါန်းလိုသူများ လှူဒါန်းနိုင်

ရန်ကုန် မေ ၃၀

ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း ပြည်ပမှ နိုင်ငံခြားငွေကြေး လှူဒါန်းလိုသူများအနေဖြင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၌ ဖွင့်လှစ်ထားသော အောက်ဖော်ပြပါ နိုင်ငံခြားငွေစာရင်းများသို့ ငွေပေးသွင်းခြင်းဖြင့်သော်လည်းကောင်း၊ လွှဲပို့ခြင်းဖြင့်သော်လည်းကောင်း လှူဒါန်းနိုင်ကြောင်း သိရသည်။

အဆိုပါ နိုင်ငံခြားငွေစာရင်းများမှာ Rehabilitation and Reconstruction Sub-Committee Account အမေရိကန်ဒေါ်လာစာရင်းအမှတ်- 1DA 06-00002၊ Rehabilitation and Reconstruction Sub-Committee Account ယူရိုစာရင်းအမှတ် 1EA 06-00016 နှင့် Rehabilitation and Reconstruction Sub-Committee Account စင်ကာပူဒေါ်လာစာရင်းအမှတ် 1SA 06-00002 တို့ဖြစ်သည်။

(သတင်းစဉ်)

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ လက်တွဲညီစွာ အကောင်အထည်ဖော်

ဧရာဝတီတိုင်း မြောင်းမြမြို့သည် ကုန်းလမ်းနှင့် ရေလမ်းခရီးသွားလာနိုင်ခြင်းကြောင့် စီးပွားရေးအရ အချက်အချာကျသော မြို့တစ်မြို့ဖြစ်သည်။ အနီးဝန်းကျင်ရှိ မြို့များ၊ ကျေးရွာများမှ ရေလမ်း၊ ကုန်းလမ်းဖြင့် လာရောက်နိုင်သည်။ အထူးသဖြင့် မြစ်ဝကျွန်းပေါ်ထွက်ဆန်နှင့် အခြားလယ်ယာထွက်ကုန်ပစ္စည်းများနှင့် ရေထွက်ပစ္စည်းများလည်း ထွက်ရှိမှုကြောင့် စီးပွားရေးဖြစ်ထွန်းသည့် ဒေသတစ်ခုဖြစ်သည်။

သတင်းမြင်ကွင်း - မြင့်မောင်စိုး

ဓာတ်ပုံမှတ်တမ်း - မောင်မောင်သန့်(မြန်မာ့အလင်း)

ထောက်ပံ့ရေးပစ္စည်းစာအုပ် ထုတ်ပေးမည့်အစီအစဉ်

မြောင်းမြမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်နိုင်က လေဘေးဒဏ်ခံရသောသူများအတွက် ထောက်ပံ့ရေး ပစ္စည်းများ ဆက်လက်ထုတ်ယူစားသုံးနိုင်အောင် စာအုပ်ထုတ်ပေးမည့် အစီအစဉ် ရှင်းပြစဉ်။

မြောင်းမြမြို့သည် မေလဆန်းပိုင်းကတိုက်ခတ်ခဲ့သောမုန်တိုင်းဒဏ် မခံရသည့် မြို့တစ်မြို့ ဖြစ်သည်။ သို့သော်လည်း လေဘေးဒဏ်ခံရသည့် လပွတ္တာ မြို့နယ်နှင့် ပြင်စလူ မြို့နယ်မှ လေဘေးဒုက္ခသည်များအား ခရိုင်တာဝန်ရှိသူများ၊ မြို့နယ်တာဝန်ရှိသူများနှင့်မြို့မိမြို့ဖများက ညီရင်းအစ်ကို မောင်ရင်းနှမ၊ မိဘရင်းချာများသဖွယ် ချက်ပြုတ် ကျွေးမွေး ပြုစုစောင့်ရှောက်လျက်ရှိသည်။ မြောင်းမြမြို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့များက နေ့မအား ညမနား ကူညီစောင့်ရှောက်ပေးနေခြင်း ဖြစ်သည်။

မြန်မာ့အလင်းသတင်းအဖွဲ့သည် လေဘေးကယ်ဆယ်ရေးနှင့် လေဘေးဒဏ်ခံရသောပြည်သူများ၏ဘဝ ဆက်လက်ရပ်တည်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ လေ့လာတင်ပြသွားနိုင်ရန် မြောင်းမြမြို့သို့ ရောက်ရှိခဲ့သည်။

ရှေးဦးစွာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးဟန်က ပြောကြားရာတွင် "ကျွန်တော်တို့ မြို့နယ်က လေဘေးဒဏ်မခံရပေမယ့် လပွတ္တာမြို့နယ်နဲ့ ပြင်စလူမြို့နယ်က လေဘေးဒဏ် ခံရသူတွေကို ကယ်ဆယ်ရေးစခန်းတွေ ဖွင့်လှစ်ပြီးကျွေးမွေးပြုစုစောင့်ရှောက်နေပါတယ်။ လေဘေးဖြစ်ပြီး မကြာမီမှာ ဒီမြို့နယ်တွေက လေဘေးသင့်သူတွေ အများအပြား ရောက်ရှိလာပါတယ်။ ဒါနဲ့ လေဘေးကယ်ဆယ်ရေးကော်မတီတွေလဲ အမြန်ဖွဲ့စည်း ဆောင်ရွက်ခဲ့ပါတယ်။ ကယ်ဆယ်ရေးစခန်း စုစုပေါင်း ၂၂ခု ဖွင့်လှစ်ပြီး လေဘေးဒုက္ခသည် ပေါင်း ၁၃၆၂၃ ဦးကို လက်ခံ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါတယ်။

အဆိုပါ လေဘေးကယ်ဆယ်ရေးစခန်းများကို ပုသိမ်တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးညီညီဇံ၊ ပုသိမ်မှ မြန်မာ့နှစ်ရှည်ပင် တိုင်းမန်နေဂျာ ဦးကြည်စိုး၊ ဧရာဝတီတိုင်း မီးသတ်ဦးစီးမှူး ဦးကြည်ဝင်းတို့ကလဲ လေဘေးကယ်ဆယ်ရေး ကွပ်ကဲရုံး ဖွင့်လှစ်၍ ရောက်ရှိလာသော ကယ်ဆယ်ရေးပစ္စည်းများ လေဘေးသင့်သူများထံ အမြန်ရောက်ရှိရေးအတွက် အနီးကပ် ကြီးကြပ်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

"ယခုအခါမှာတော့ကျွန်တော်တို့ မြို့နယ်တွင် လေဘေးဒဏ်ခံရတဲ့သူတွေထဲမှာ ကိုယ့်မြို့ကိုယ့်ရွာပြန်ဖို့ တောင်းဆိုနေတဲ့သူတွေထဲမှ အချို့ကို ပြန်လည်ပို့ဆောင်ပေးနေပါပြီ။ သူတို့ ဟိုရောက်ရင် စားနိုင်ရန် ဆန်၊ ဆီ အလုံအလောက်၊ အဝတ်အစား၊ စောင်၊ ခြင်ထောင်၊ မိုးဖို့ရွက်ဖျင်စ အပြင် အစစအရာရာ လိုလေးသေးမရှိအောင် ပံ့ပိုးပေးခဲ့ပါတယ်"ဟု မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်နိုင်က ပြောကြားသည်။

"ဒါ့အပြင် လေဘေးသင့်သူများ သူ့ရပ်သူ့ရွာတွေမှာ ဆန်ကဲ့သို့ထောက်ပံ့ရေး ပစ္စည်းတွေကိုလဲ ဆက်လက်ထုတ်ယူစားသုံးနိုင်အောင် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ အစီအစဉ်နဲ့ စာအုပ်တွေ ထုတ်ပေးသွားမှာဖြစ်ပါတယ်။ ဟိုမှာ လယ်ယာလုပ်ငန်းခွင်တွေဝင်နိုင်ဖို့ ကျွဲ၊ နွားတွေကိုလဲ မော်လမြိုင်မြို့မှ မှာယူပြီး လပွတ္တာ ရှေ့တန်းစခန်းကို ပို့ပေးထားပါပြီ။ ဒါ့အပြင် မျိုးစပါးတင်း ၁၇၀၀၀၀ ကိုလဲ ဖြန့်ဝေပေးထားပြီဖြစ်ပါတယ်" ဟု ဥက္ကဋ္ဌ ဦးတင့်နိုင်က ဆက်လက်ပြောကြားသည်။

ထိုမှတစ်ဆင့် မြန်မာ့အလင်းသတင်းအဖွဲ့သည် ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်မေးမြန်းစေ့ငုခဲ့ပါသေးသည်။ ရှေးဦးစွာ ဂုန်လျှော် လေဘေးကယ်ဆယ်ရေး စခန်းသို့ ရောက်ရှိသည်။ ၎င်းစခန်းတွင် လေဘေးဒဏ် ခံရသူများအား မြန်မာနိုင်ငံ ကျန်းမာရေးမှူးများ အသင်းမှ ဆေးခန်းဖွင့်၍ ကုသပေးနေသည်ကိုတွေ့ရသည်။ "လေဘေးဒဏ်ခံရတဲ့သူများ အဖြစ်အများဆုံးကတော့ အဆုတ်အအေးမိရောဂါများ ဖြစ်ပါတယ်။ ဒုတိယအဖြစ်အများဆုံးကတော့ အပူကြောင့်ဖြစ်တဲ့ ရောဂါတွေပါ။ လေဘေးကျရောက်ပြီး မကြာမီမှာ သူတို့ အုန်းရေတွေ၊ အုန်းသီးနုတွေ စားကြရာက ရတဲ့ဝေဒနာတွေ ဖြစ်ပါတယ်" ဟု ကျန်းမာရေးမှူး ဦးမျိုးတင့်က ပြောကြားသည်။

ထိုမှဆက်လက်၍ မြန်မာ့အလင်းသတင်းအဖွဲ့သည် ကယ်ဆယ်ရေး စခန်းအမှတ်(၁၀)ဖြစ်သည့် အလက(၇)သို့ ရောက်ရှိခဲ့သည်။ လေဘေးသင့်သူများအား စနစ်တကျ ထမင်းများ ကျွေးမွေးလျက်ရှိသည်ကို တွေ့ရသည်။ ၎င်းကယ်ဆယ်ရေး စခန်းရှိ ပြင်စလူမြို့နယ် သပြုကုန်းကျေးရွာမှ ဦးသိန်းထွန်းက "ကျွန်တော်တို့ လေဘေးဒုက္ခသည်တွေကို ကောင်းကောင်း မွန်မွန် ချက်ပြုတ်ကျွေးမွေးပါတယ်။ ဝက်သား၊ ကြက်သားများလဲ ချက်ပြုတ် ကျွေးမွေးပါတယ်"ဟု ပြောကြားသည်။

အဆိုပါ လေဘေးကယ်ဆယ်ရေးစခန်းသို့ ပြင်စလူမြို့နယ် သပြုကုန်းကျေးရွာအုပ်စု သပြေချောင်းကျေးရွာမှ သေကံမရောက် သက်မပျောက်ခဲ့သည့် မအေးမြင့်သန်း၏ လေဘေးမှ သေဘေးလွတ်မြောက်ခဲ့ရပုံများကို ဤသို့ ဝမ်းနည်းစွာ ကြားရပြန်သည်။

"အဲဒီမုန်တိုင်းစဝင်တဲ့ မေ ၂ ရက်ညကပေါ့။ ရေလုံးကြီးတွေ ၁၂ ပေ လောက်အထိတက်လာတယ်။ အိမ်တွေမြုပ်ကုန်တယ်။ မထင်မှတ်ဘဲ ရေတွေကလည်ပင်းအထိ ရောက်လာတယ်။ ဒါနဲ့ အိမ်အနီးမှာရှိတဲ့ ဘုရားရင်ပြင်ပေါ်ကို တက်ပြေးတယ်။ သမီးဒီဘုရားမှာ ပန်းအမြဲတမ်း ကပ်လှူတယ်။ မွေးနေ့တိုင်းမှာ သက်သတ်လွတ်စားတယ်။ ဒါနဲ့သမီးလဲ ဒီကုသိုလ်တွေကြောင့် သမီးတို့မိသားစု ဘေးမှလွတ်မြောက်ပါစေလို့ ဆုတောင်းလိုက်တယ်။ ဒီရေလုံးတွေ တက်လာပြီးတဲ့နောက် အနောက်မြောက် လေမုန်တိုင်းကလဲ တအားတိုက်တယ်။ ဘုရားအနီးမှာ သစ်ပင်ကြီးတွေလဲကျတယ်။ ဒါပေမယ့် သမီးရဲ့ အဓိဋ္ဌာန်ကြောင့်လား မသိဘူး ဘုရားပေါ်မကျဘူး။ ဒီဘုရားကို ပြေးလာတဲ့ လူ ၁၃ ဦးလောက် အသက်ရှင်တယ်။ သမီးကတော့ သီလရှင်ဝတ်ပြီး နေတော့မယ်" ဟု ပြောကြားသည်။

အဆိုပါ ကယ်ဆယ်ရေးစခန်းမှ ညီအစ်ကို နှစ်ဦး၏ ဘဝကံကြမ္မာ ထူးဆန်းဖြစ်ပုံကိုလည်း ဤသို့ကြားသိရပြန်ပါသည်။

မြောင်းမြမြို့နယ် လေဘေး ကယ်ဆယ်ရေးစခန်းတွင် ရောက်ရှိနေသော သပြေချောင်းကျေးရွာ သပြုကုန်းအုပ်စု ပြင်စလူမှ မအေးမြင့်သန်းက သေဘေးမှလွတ်မြောက်ပုံကို ပြောပြစဉ်။

"သားက ပြင်စလူမြို့နယ် ကြာနီကန်ရွာကပါ။ အသက် ၁၂ နှစ်ရှိပါပြီ။ ရေတွေတက်လာချိန်မှာ သားပျဉ်ချပ်ကြီးတစ်ချပ်ကို တွေ့ပြီး ဖက်လိုက်လာခဲ့ပါတယ်။ ရေတွေကျသွားတော့ အမေ့ကို မတွေ့ရတော့ဘူး။ သားလိုက်ရှာတယ်။ ခုထိပဲသားကို စစ်ကားက တွေ့ပြီး ဒီကိုခေါ်လာတာပါ။ ဒီရောက်တော့ ညီအစ်ကို ဝမ်းကွဲတော်တဲ့ အစ်ကိုဇော်လင်းနဲ့ ပြန်တွေ့ပါတယ်" ဟု သေဘေးမှ လွတ်မြောက်ခဲ့ရပုံများကို ရှင်းပြသည်။

ထိုမှဆက်လက်၍ မြန်မာ့အလင်း သတင်းအဖွဲ့သည် ကယ်ဆယ်ရေးစခန်း အမှတ်(၆) အလက(၁)သို့ ခရီးဆိုက်ရောက်ခဲ့သည်။ မြန်မာနိုင်ငံ ကြက်ခြေနီအဖွဲ့မှ စောင်၊ ဆေးစိမ် ခြင်ထောင်၊ ရေသန့် ဘူး၊ ဆပ်ပြာခဲ၊ အမိုးအတွက် ရွက်ဖျင်တဲကအစ၊ လယ်သမားသုံးပေါက်ပြား၊ ဓား၊ လွှ၊ တူ စသော ပစ္စည်းများ ဖြန့်ဝေပေးနေ သည်ကို တွေ့ရသည်။

ထိုမှတစ်ဆင့် နောက်ထပ် ကယ်ဆယ်ရေးတစ်ခုဖြစ်သည့် အမှတ်(၂) အထကသို့ ရောက်ရှိရာ ရန်ကုန်မြို့မှ အလှူရှင်တစ်ဦးဖြစ်သည့် ဦးစိုးဝင်း မိသားစုက သဒ္ဓါရက်ရောစွာ ကျားဝတ်၊ မဝတ် ပုဆိုး၊ လုံချည်နှင့် အင်္ကျီများ တစ်ဦးချင်း လှူဒါန်းပေးနေသည်ကိုလည်း တွေ့ရသည်။

ထိုစခန်းရှိ ပြင်စလူမြို့နယ် အရာတော်ကျေးရွာမှ လေဘေးဒဏ်ခံရသော ကိုနေလင်းကလည်း ဤသို့ ကဗျာရေးစပ်၍ အလှူရှင်များ သဒ္ဓါပေါက်စေရန် နှိုးဆော်ရေးသားထားသည်ကိုလည်း တွေ့ရသည်။

ကယ်တော်မူပါဘုရား

ရသည့်ဥစ္စာ၊ ချစ်သူပါ စွန့်ခွာသွားရသည်

ခဏမစဲ အိုစမြဲ ကိုယ်လည်း သေရမည်

မသေရခင်၊ သွားလမ်းစဉ် ကြိုတင်ပြင်ဆင်သင့်ပြီ

ဒါန၊ သီလ၊ ဘာဝနာလမ်းသာ တွင်လိမ့်မည်

မဂ္ဂင်ယာဉ်ကြီး အမြန်စီး၊ ခရီး ထွက်ကြမည်

ဟု ရေးသားထားသည်။

ထိုစခန်းအတွင်း အသက် ငါးနှစ်အောက် ကလေးများကိုလည်း ပြင်ရွာတိုက်နယ်ကျန်းမာရေးဝန်ထမ်းများက ဝက်သက် ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိသည်ကိုလည်း တွေ့ရ သည်။

ထိုမှ ဆက်လက်၍ မြန်မာ့အလင်း သတင်းအဖွဲ့သည် ကယ်ဆယ်ရေးစခန်းဖြစ်သည့်မြောင်းမြမြို့ သာသနာ့ဗိမာန်သို့ ရောက်ရှိခဲ့သည်။ လေဘေးသင့်သူများ စိတ်ပြေပျောက်စေရန် ဗီဒီယိုအခွေ ထိုးပြနေသည်။ ယင်းနှင့်ကပ်လျက် မိုးကုတ်ဝိပဿနာ စခန်း(၂၆)၌ လေဘေးသင့်သူများ စခန်းအားလုံးအတွက် နေ့ညမပြတ် ချက်ပြုတ်လျက်ရှိသည်ကိုလည်း တွေ့ရသည်။

မြောင်းမြမြို့ ရေဆိပ်များတွင်လည်း ဌာနေပြန်ကြသည့် လေဘေးဒုက္ခသည်များကို ကျွေးမွေးစောင့်ရှောက် လိုက်လံပို့ဆောင်သူများအား လက်ခုပ်လက်ဝါး တီး၍ ပြုံးပျော်ကြည်နူးစွာဖြင့် နှုတ်ဆက်နေသည့် မြင်ကွင်းကိုလည်း တွေ့ခဲ့ရသည်။

ဤသို့ဖြင့် မုန်တိုင်းဒဏ်ခံရသော လေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းတွင် မြောင်းမြမြို့မှ တာဝန်ရှိသူများ၊ ကွပ်ကဲရေး တာဝန်ခံအရာရှိများ၊ မြို့မိမြို့ဖနှင့် အလှူရှင်များ၏ စေတနာ သဒ္ဓါတရား ထက်သန်မှု မြင်ကွင်းအလှကို ရှုမြင်ခဲ့ရပါတော့သည်။ ။

ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံ

မြောင်းမြမြို့နယ် အထက(၂) လေဘေးကယ်ဆယ်ရေးစခန်းတွင် ပြင်ရွာတိုက်နယ်မှ ကျန်းမာရေးဆရာမများက ကလေးငယ်များအား ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံပေးစဉ်။

လေဘေးသင့်ပြည်သူများအတွက် အလှူငွေများလှူဒါန်း

ရန်ကုန် မေ ၃၀

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာရှိ လေဘေးကြောင့် ပျက်စီးသွားခဲ့သည့် အောင်သုခမ္မရိပ်သာ ယောဂီဆောင် ပြုပြင်တည်ဆောက်ရန်အတွက်မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းဝင် ရွှေပန်းထိမ်ဆရာ ဦးထုံ(ဦးထုံ ရွှေပန်းထိမ်)က ၎င်း၏ (၈၆)နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ်အဖြစ် မေ ၂၈ရက်တွင် အလှူငွေကျပ် သိန်း ၂၀ ကို ပေးအပ်လှူဒါန်းသည်။ **(ယာပုံ)**

ထို့အပြင် လေဘေးသင့် ပြည်သူများအတွက် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းမှတစ်ဆင့် အလှူငွေကျပ် ၁၀ သိန်း၊ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၊ မိဘမဲ့ကလေး ပရဟိတကျားကျောင်း၊ သိမ်ဖြူလမ်း ဆင်းရဲသူများစောင့်ရှောက်ရေး သီလရှင်ကျောင်း၊ ဘိုးဘွားရိပ်သာ၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်း၊ မေရီချက်မင်းဆံ့ အနားမကြားကျောင်းနှင့် စိတ်ကျန်းမာရေး အထူးကုဆေးရုံကြီးတို့သို့ အလှူငွေကျပ် တစ်သိန်းစီ၊ သမိုင်းဝင် ကျိုက္ကစံဆံတော်ရှင် စေတီတော်မြတ်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော် ပြုပြင်ရန်အတွက် အလှူငွေကျပ်ငါးသောင်း စုစုပေါင်း အလှူငွေကျပ် ၃၆ သိန်းငါးသောင်းကို ဦးထုံ(ဦးထုံရွှေပန်းထိမ်)က ၎င်း၏ မွေးနေ့ အထိမ်းအမှတ်အဖြစ် လှူဒါန်းသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးနှင့် စာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံ ပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးနှင့် စာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံပေးအပ်လှူဒါန်းပွဲကို မေ ၂၈ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အမှာစကားပြောကြားသည်။ ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်အသီးသီးမှ ကျောင်းနေအရွယ်ကလေးများအား စာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံများကို ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး**(အောက်ပုံ)**၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဌာနကြီးမှူးများက အသီးသီး ထောက်ပံ့ပေးအပ် လှူဒါန်းကြသည်။ ယင်းနောက် ရန်ကုန်တောင်ပိုင်းခရိုင်ပညာရေးမှူး ဦးအာရ်မြလွင်က ကျောင်းအပ်နှံရေး လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

SSA (ရှက်ဆစ်) အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ မောက်မယ်မြို့နယ်၌ အပြစ်မဲ့ပြည်သူများအား သတ်ဖြတ် သစ်ခွဲစက်နှင့် ထော်လာဂျီတို့ကို မီးရှို့ဖျက်ဆီး

နေပြည်တော် မေ ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်၌ SSA (ရှက်ဆစ်) အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် မေ ၂၈ ရက် ညနေပိုင်းတွင် သစ်ခွဲစက်နှင့် ထော်လာဂျီတစ်စီးတို့ကို မီးရှို့ဖျက်ဆီးခြင်း၊ သစ်စက်အလုပ်သမား ကိုးဦးအား ဖမ်းဆီးခေါ်ဆောင်၍ သတ်ဖြတ်ခြင်းနှင့် နားဆိုင်းကျေးရွာဥက္ကဋ္ဌအား ဖမ်းဆီးခေါ်ဆောင်ခြင်းများ ကျူးလွန်ခဲ့ကြောင်း သိရှိရသည်။

မေ ၂၈ ရက် ညနေ ၅ နာရီတွင် SSA (ရှက်ဆစ်) အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ အင်အား ၂၅ ဦးခန့်သည် မောက်မယ်မြို့နယ်ရှိ ဦးမြင့်ဦးပိုင် သစ်ခွဲစက်သို့ရောက်ရှိပြီး သစ်ခွဲစက်နှင့် ထော်လာဂျီတစ်စီးတို့ကို မီးရှို့ဖျက်ဆီးခဲ့သည်။ သစ်စက်အလုပ်သမား အောင်နိုင် အပါအဝင် ကိုးဦးအား ဖမ်းဆီးခေါ်ဆောင်၍ သစ်စက်နှင့် တစ်ဖာလုံခန့်အကွာရှိ ချောက်အတွင်း၌ သောင်းကျန်းသူများက ၎င်းအလုပ်သမားကိုးဦးအား တုတ်၊ ဓားများဖြင့် ရိုက်နှက်သတ်ဖြတ်ခဲ့သည်။ သစ်စက်အလုပ်သမားအားလုံး သေဆုံးပြီဟုထင်မှတ်၍ သောင်းကျန်းသူများ ထွက်ခွာသွားချိန်တွင် ယင်းအလုပ်သမားအဖွဲ့မှ သန်းဇော်သည် ထွက်ပြေးလာပြီး မောက်မယ်ပြည်သူ့ဆေးရုံသို့ ဆိုင်ကယ်အကြုံဖြင့် ရောက်ရှိလာခဲ့သည်။ သန်းဇော်၏ ဦးခေါင်း၊ လည်ပင်း၊ လက်ဝဲဘက်မေးရိုးနှင့် လက်ဝဲညှပ်ရိုးအောက်တို့တွင် ထိုးသွင်းပြတ်ရှဒဏ်ရာများ ပြင်းထန်စွာရရှိခဲ့သဖြင့် မောက်မယ်မြို့နယ် ပြည်သူ့ဆေးရုံ၌ အတွင်းလူနာအဖြစ် တက်ရောက်ကုသလျက်ရှိပြီး ကျန်ရှစ်ဦးမှာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

အလားတူ SSA (ရှက်ဆစ်) အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် နားဆိုင်းကျေးရွာဥက္ကဋ္ဌ ဦးပိုက်အား ဖမ်းဆီးခေါ်ဆောင်သွားသဖြင့် သောင်းကျန်းသူများနောက်သို့ တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃၁-၅-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈း၁၀ ၅။ တေးဂီတအစီအစဉ်
- ၈း၃၀ ၆။ International News.
- ၈း၄၅ ၇။ **"ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ" (မင်းမော်ကွန်း၊ လွင်မိုး၊ ဇာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ ကြည်လဲ့လဲ့ဦး၊ လှအဥ္စလီတင့်၊ ဂွမ်းပုံ၊ ရော)**
- ၉း၀၀ ၈။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၂၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၃၀ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
- ၁၂း၀၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
- ၁၂း၅၀ **၅။ နိုင်ငံခြားဇာတ်လမ်းတွဲ "စစ်သူကြီးဆွန်ကြီး" (အပိုင်း-၂၂) (ဇာတ်သိမ်းပိုင်း)**
- ၁း၅၀ ၆။ **လောကနီတိ(၅) "မေတ္တာအတိမ်အနက်ကို ချိန်ဆက်၍ကြည့်သောအခါ" (ပိုင်ဇေရဲထွန်း၊စည်သူတင်စိုး၊ လင်းဇာနည်ဇော်၊ ခင်ဇာခြည်ကျော်) (ဒါရိုက်တာ-ဦးခင်ဇော်)**
- ၂း၁၀ ၇။ ချစ်စရာ့အရွယ်ကကြီးသွယ်
- ၂း၂၀ ၈။ တေးဂီတအစီအစဉ်
- ၂း၄၅ ၉။ International News.
- ၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအကများ
- ၄း၂၀ ၃။ တေးဂီတအစီအစဉ်
- ၄း၄၅ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
- ၅း၁၀ ၅။ မြန်မာ့ခလေ့ရိုးရာလက်ဝှေ့
- ၆း၀၀ ၆။ ညနေခင်းသတင်း
- ၆း၃၀ ၇။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၈။ အလှရှာမယ်လှကမ္ဘာဝယ်
- ၇း၀၅ ၉။ တေးဂီတအစီအစဉ်
- ၈း၀၀ ၁၀။ ပြည်တွင်းသတင်း
- ၁၁။ နိုင်ငံတကာသတင်းများ
- ၁၂။ မိုးလေဝသအခြေအနေ
- ၁၃၊ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မာယာထောင်ချောက်" (အပိုင်း-၂၅)**
- ၁၅။ အစီအစဉ်ပြီး၏။

မုတ်သုံလေမြန်မာနိုင်ငံမြောက်ပိုင်းသို့ဝင်ရောက်နိုင်

မြန်မာနိုင်ငံနှင့် အနီးပတ်ဝန်းကျင်နိုင်ငံများအတွက် မိုးလေဝသအခြေအနေပြမြေပုံ



ရန်ကုန် မေ ၃၀

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများသို့ ဝင်ရောက်လျက်ရှိသည်။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကရင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့ကာ ချင်းပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ တနင်္သာရီတိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်ထက် (၅)ဒီဂရီစင်တီဂရိတ်၊ မန္တလေးတိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်ထက် (၃)ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ရှမ်းပြည်နယ်တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် (၃)ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်တွင် ၀ဒသမ ၅၂လက်မ၊ ဘားအံမြို့တွင် ၃ဒသမ ၀၃ လက်မ၊ လှိုင်လင်မြို့တွင် ၂ဒသမ ၀၁လက်မ၊ သထုံမြို့တွင် ၁ဒသမ ၉၆လက်မ၊ နမ့်စန်မြို့တွင် ၁ဒသမ ၇၄လက်မ၊ ထားဝယ်မြို့တွင် ၁ ဒသမ ၁၁လက်မနှင့် တောင်ငူမြို့တွင် ၀ဒသမ ၉၈လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

မေ ၃၁ရက် ညနေအထိ ခန့်မှန်းချက်

ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း(၈၀)ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများသို့ ဆက်လက်ဝင်ရောက်နိုင်သည်။

နေပြည်တော် နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း(၈၀) ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း(၈၀) ဖြစ်သည်။

မန္တလေးမြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း(၈၀) ဖြစ်သည်။

ဇွန်လ ပထမရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက်

လာမည့် သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျားနှင့် ရန်ကုန်တိုင်းတွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၂ ဒသမ ၃ဒီဂရီစင်တီဂရိတ် (၉၀ဒီဂရီဖာရင်ဟိုက်) ၂၉-၅-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၃ ဒသမ ၀ဒီဂရီစင်တီဂရိတ်(၇၃ ဒီဂရီဖာရင်ဟိုက်) ၃၀-၅-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၇၉ ရာခိုင်နှုန်း ၃၀-၅-၂၀၀၈

နေပူသည့်နာရီပေါင်း(၃ ဒသမ ၀)နာရီခန့် ၂၉-၅-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၃၀-၅-၂၀၀၈	မရှိပါ	မရှိပါ	၃မမ(၀ဒသမ ၁၂လက်မ)
၁-၁-၂၀၀၈ မှ ယနေ့အထိ	၇၂၉ မမ (၂၈ဒသမ ၇၀လက်မ)	၈၅၅ မမ (၃၃ ဒသမ ၆၆လက်မ)	၁၀၃၃ မမ (၄၀ ဒသမ ၆၇ လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၉-၅-၂၀၀၈ နေ့ ၆း၃၀ နာရီအချိန်တွင် တောင်ဘက်မှ တစ်နာရီ (၆)မိုင်နှုန်းတိုက်ခတ်သည်။

သာသနာပြုခရီး

မန္တလေးဂုဏ်ရည် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကောဝိဒ ပြည်ပ သာသနာပြုခရီးမထွက်ခွာမီ မေ ၂၉ ရက်ည ၇ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တပည့် ဒါယကာ၊ ဒါယိကာမများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

(သတင်းစဉ်)

ဒုတိယအကြိမ်မြောက် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနား နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မေ ၃၀

နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် မေ ၂၉ ရက် နံနက် ၇ နာရီတွင် တောင်ညိုတပ်နယ် အမှတ်(၂) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း၌ ကျင်းပသော ဒုတိယအကြိမ်မြောက် တိုင်းမှူးဒိုင်းသေနတ်ပစ်ပြိုင်ပွဲ ကွင်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် တိုင်းမှူးက အမှာစကား ပြောကြားရာ၌ ယခုကျင်းပသည့် တိုင်းမှူးဒိုင်းသေနတ်ပစ်ပြိုင်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ သေနတ်ပစ် အားကစားဖွံ့ဖြိုးတိုးတက်စေရန်နှင့် တပ်မတော်သားများ၏ သေနတ်ပစ်စွမ်းရည် ပိုမိုမြင့်မားလာစေရန်၊ တပ်မတော်သားများ သေနတ်ပစ်အားကစားနည်းကို ကျယ်ပြန့်စွာ ပါဝင်ယှဉ်ပြိုင်ကစားခြင်းဖြင့် မိမိကိုင်တွယ်ပစ်ခတ်ရသည့် လက်နက်များကို ကျွမ်းကျင်ပိုင်နိုင် ထိရောက်စွာ အသုံးပြုပစ်ခတ်နိုင်စေရန်၊ ပြိုင်ပွဲဝင်အဆင့်မရောက်သေးသည့်တပ်မတော်သားများအနေဖြင့်လည်း အားကျသည့် စိတ်၊ အောင်ပွဲခံလိုသည့်စိတ်တို့ဖြင့် ကြိုးစားလာစေပြီး သေနတ်ပစ်အရည်အသွေးပြည့်ဝသည့် မျိုးဆက်သစ်သေနတ်ပစ် အားကစားသမားများပေါ်ထွက်လာစေရန်၊ တိုင်းစစ်ဌာနချုပ် လက်ရွေးစင်မှသည် တပ်မတော်လက်ရွေးစင်များအဖြစ် သေနတ်ပစ်အားကစားထူးချွန်သူများ ပေါ်ထွက်လာစေရန်ဆိုသည့် ရည်ရွယ်ချက်နှင့်အညီ ကျင်းပပေးရခြင်း ဖြစ်ကြောင်းဖြင့် အကျယ်တဝင့်မှာကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများက ပစ္စတိုပစ်ခတ်စဉ်ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြသည်။ ယမန်နေ့ စတင်ဖွင့်လှစ် ကျင်းပသည့် တိုင်းမှူးဒိုင်းသေနတ် ပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၆ သင်း၊ ပြိုင်ပွဲဝင်စစ်သည်၊ ရဲမေ စုစုပေါင်း ၃၂၇ ဦးတို့ဖြင့် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲပုံစံများအတိုင်း အမျိုးသားပြိုင်ပွဲပစ်ခတ်စဉ် ၁၁ မျိုးနှင့် အမျိုးသမီးပြိုင်ပွဲပစ်ခတ်စဉ် အမျိုးအစား သုံးမျိုး စုစုပေါင်း ၁၄ မျိုးတို့ကို ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကာလမှာ မေ ၂၉ ရက်မှ ဇွန် ၁၀ ရက်ထိ စုစုပေါင်း ၁၂ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သမ္မတ၊ သွင်နှင့် မင်္ဂလာရုံ၌ 'ဟော့ရှော့'ဇာတ်ကားပြသ တစ်နေ့တာအမြတ်ငွေ လေဘေးအတွက်လှူဒါန်း

ရန်ကုန် မေ ၃၀

မေ ၃၀ ရက် သောကြာနေ့တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ ပရိသတ် အားပေးမှုကို တစ်ခဲနက်ခံယူနေရဆဲဖြစ်သည့်ဟော့ရှော့မြန်မာ ဇာတ်ကား ဆက်လက်ပြသသည်။ 'ဟော့ရှော့'ဇာတ်ကားကို လပ်ကီးဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ထားပြီး ဒါရိုက်တာ ညီညီထွန်းလွင် ရိုက်ကူးထားသည်။

အဆိုပါဇာတ်ကားတွင် ရန်အောင်၊ သူထူးစံ၊ မိုးအောင်ရင်၊ ဗေလုဝ၊ မို့မို့မြင့်အောင်၊ မေသန်းနု၊ သက်မွန်မြင့်၊ သင်ဇာဝင့်ကျော်၊ မေတ္တာ၊ အရိုင်း၊ ရန်ပိုင်စိုးနှင့် အေးသီတာတို့ ခေါင်းဆောင်ပါဝင်ထားကြပြီး သမ္မတ၊ သွင်နှင့် မင်္ဂလာရုံ သုံးရုံ တစ်ပြိုင်တည်းပြသသည်။

လပ်ကီးဆဲဗင်းရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးစီး၍ အလှူရှင်များနှင့် သရုပ်ဆောင်များသည် မေ ၁၅ ရက်တွင် လေဘေးဒဏ်ခံခဲ့ရသော ကော့မှူး၊ ကွမ်းခြံကုန်းနှင့် ဖျာပုံမြို့နယ်များသို့ သွားရောက်ပြီး အားပေးစကား ပြောကြားခဲ့သည်။ ဒုတိယအကြိမ် လှူဒါန်းနိုင်ရန်အတွက် မေ ၁၈ ရက်တွင် နဝဒေးဥယျာဉ်ရုံ၌ ရန်ပုံငွေအထူးပွဲ ပြသခဲ့သည်။ ထို့ပြင် မေ ၂၄ရက်၌ ရန်ကုန်မြို့ သမ္မတရုံနှင့် မန္တလေးမြို့ ဝင်းလိုက်ရုံနှစ်ရုံတွင် ပြသခဲ့သော ပွဲစဉ်အားလုံးမှ အမြတ်ငွေများနှင့် ထပ်မံဖြည့်တင်း ငွေများပေါင်းစပ်ပြီး ကျပ်သိန်း ၁၀၀ နီးပါး တန်ဖိုးရှိ လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်းများကို မေ ၂၆ ရက်တွင် မုန်တိုင်းဒဏ်သင့်ပြည်သူများထံ ထပ်မံသွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

နိုင်ငံခြားရုပ်ရှင်

ရွှေဆောင်ရုံတွင် ဂြိုဟ်သားဇာတ်ကားဖြစ်သည့် ALIENS Vs PREDATOR 2 ဇာတ်ကား၊ နေပြည်တော်ရုံတွင် စစ်ဘုရင်များ၏ ရမ်းကားတိုက်ခိုက်မှုများကို ပြန်လည်တွန်းလှန်ကြသည့် တောင်ပေါ်လူမျိုးစုများအကြောင်း ရိုက်ကူးထားသည့် 10,000 BC ဇာတ်ကားနှင့် ဘုရင့်ရုံတွင် CHAA HAT အိန္ဒိယ အချစ်ဇာတ်ကား ပြသသည်။

(ကြေးမုံ)

ဟော့ရှော့ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ပွဲကျင်းပမည်

ရန်ကုန် မေ ၃၀

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် သဇင်နွယ်လမ်း စိတ္တသုခဓာတ်တော်တိုက် အမှတ် (၁) ဘုန်းတော်ကြီးပညာသင်ကျောင်းတိုက် ပဓာနနာယကဘဒ္ဒန္တ ဝိစိတ္တာလင်္ကာရ (လူမှုထူးချွန်ပထမဆင့်)၊ အကြိမ် (၉၀)မြောက် သွေးလှူရှင်သက်လွတ်ဆရာတော်အား အမှူးထား၍ အဓိဌာန်အောင်ဆုထူးမြတ်ရွှေဟောင်းပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော် မြတ်ဗုဒ္ဓဘိသေက အနေကဇာတင်ပူဇော်ခြင်း၊ (၁၈)ကြိမ်မြောက် ဗုဒ္ဓ၏ ပရိတ်တရားတော်များ အသံမစဲရွတ်ဖတ်ခြင်းနှင့် အထူးဆုတောင်း မေတ္တာပို့သပွဲကို ဇွန် ၇ ရက် မှ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပရိတ်တရားတော်များ ရွတ်ဖတ်ခြင်းနှင့် အထူးဆုတောင်း မေတ္တာပို့ပွဲ၌ ကျောင်းတိုက်ရှိ သံဃာတော်များနှင့်ပင့်သံဃာတော်အရှင်သူမြတ် ၂၇ပါးတို့အား သက်သတ်လွတ်ဆွမ်းနှင့်သက်န်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းရန် အကျိုးတော်ဆောင် အဖွဲ့က နှိုးဆော်ထားသည်။ (၃၀)

သင့်သွေးဖြင့် အသက်ကယ်ပါ

ရန်ကုန်တိုင်းသာကေတမြို့နယ်(၇)ရပ်ကွက်ဇိနမာန်အောင်စေတီအနီး သုညတမဗ္ဗ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက် မဂ္ဂဓမ္မလေးထပ်ဆောင် မတည်အလှူရှင် ကျောက်မြောင်း ဈေးလမ်းနေ ကွယ်လွန်သူ ဦးချစ်ထွန်းဖြူအား ရည်စူး၍ ဇနီး ဒေါ်စိန်ရင်ဦးနှင့် သမီးဒေါ်ခင်ခင်သိန်း(ဦးစီးအရာရှိ နယ်စပ်စည်ပင်) စည်ပင်ဦးစီးရုံးချုပ်နေပြည်တော်က အလှူငွေကျပ် တစ်သိန်းကို သုညတမဗ္ဗဆရာတော် ဦးစန္ဒသေနထံ လှူဒါန်းစဉ်။ (က-ပ)

သောက်သုံးရေနှင့် ပတ်သက်၍ သတိပေးနှိုးဆော်ချက်

- ❖ မသန့်ရှင်းသော သောက်ရေ၊ သုံးရေများကြောင့် ပြည်သူအများ ဝမ်းပျက်ဝမ်းလျှော ရောဂါအန္တရာယ် ကျရောက်နိုင်ပါသည်။
- ❖ သောက်ရေ၊ သုံးရေမှန်သမျှကို ကျိုချက်၍ဖြစ်စေ၊ ကလိုရင်းဆေးခတ်ပြီးမှဖြစ်စေ သောက်သုံးပါ။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ သောက်သုံးရန်မသင့်ဟု ကြေညာထားသော သောက်ရေသန့်များကို မသောက်သုံးသင့်ပါ။
- ❖ ရေသန့်ပင်ဖြစ်လင့်ကစား မသက်ာပါက ရေကို ကျိုချက်ပြီးမှ သောက်ပါ။ **ကျန်းမာရေးဝန်ကြီးဌာန**

လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်းခန်းမ၌ လမ်းမတော်မြို့နယ် ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်ကမြို့နယ်ပညာရေးမှူး ဒေါ်ဖြူဖြူဝင်းအား ငွေကျပ် ၈၄၂၀၀၀၊ ဗလာစာအုပ် ၆၉ ဒါဇင်အား မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေး အခမ်းအနားတွင် ပေးအပ်လှူဒါန်းစဉ်။ (၄၃)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၁-၅-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀	၁။	မြဝတီအဖွင့်
၁၂:၀၅	၂။	အဖွင့်သီချင်း
၁၂:၁၀	၃။	မျိုးချစ်တပ်မတော်
၁၂:၂၅	၄။	ကျန်းမာသုတ
၁၂:၃၀	၅။	မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် -အမျှင် (လူမင်း၊ တင့်တင့်ထွန်း၊ မိုးဟေကို)
၁:၅၀	၆။	အမျိုးသားရေးတေးကဗျာ
၁:၅၅	၇။	အပိတ်နှုတ်ဆက်စကား
၂:၀၀	၈။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၁၅	၄။	မြန်မာသံစဉ်ချိုနားဝင်
၄:၂၀	၅။	မျိုးချစ်တပ်မတော်
၄:၂၅	၆။	အမျိုးသားရေးတေးကဗျာ
၄:၅၀	၇။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၅:၄၅	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၂။	အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၆:၄၅	၁၃။	လှုပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၄။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရာဇဝင်တွင်တဲ့သူရဲကောင်း (အပိုင်း-၇၀)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	English Usage
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - အဖြူရောင်မြွေမင်းသမီးလေး (အပိုင်း-၁၅)
	၂၁။	သင့်အတွက်မနက်ဖြန်
	၂၂။	အပိတ်နှုတ်ဆက်စကား
	၂၃။	ပြီးပါပြီ။

ကြည့်ရှုအားပေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ပြုလုပ်သည့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ပန်းချီ၊ ပိုစတာပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

သဒ္ဓမ္မဝါစီဟာသ်ာတပရိယတ္တိစာသင်တိုက် အမိုးအကာများ ပြန်လည်ပြုပြင်ရန် လှူဒါန်း

ရန်ကုန် မေ ၃၀

မြောက်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် ဇမ္ဗူအေးတိုက်အတွင်းရှိ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော သဒ္ဓမ္မဝါစီ ဟာသ်ာတပရိယတ္တိစာသင်တိုက် အမိုးအကာများ ပြန်လည်ပြုပြင်ရန်အတွက် နှစ်ဖက်မိဘများကို အမှူးထားလျက် ကွယ်လွန်သူဒေါ်စန်းစန်းဦးအား ရည်စူး၍ ဦးမျိုးဇော်အေး(ခ) ဦးဖိုးချောနှင့် သမီး နဒီအေးတို့က အလှူငွေကျပ် ငါးသိန်းကို ပဓာနနာယက ဆရာတော်ဘဒ္ဒန္တပညာသီရိသို့ မေ ၂၇ ရက်က လှူဒါန်းရာ သာသနာနုဂ္ဂဟသဟပုညကာရီအဖွဲ့ဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးအုန်းမောင်တို့က အလှူငွေများကို လက်ခံရယူကြသည်။ **(အောက်ပုံ)**

အဆိုပါ စာသင်တိုက်ကြီး ပြန်လည်ပြုပြင်ရန်နှင့် ပျက်စီးယိုယွင်းနေသော သုံးထပ်ကျောင်းဆောင်သစ် ပြန်လည်ဆောက်လုပ်လှူဒါန်းလိုသူများသည် ဖုန်း-၆၉၉၂၃၁၊ ၆၉၉၄၃၀ နှင့် ၆၉၀၅၈၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၆၇)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်

ကွန်ပျူတာ၊ကာတွန်း၊ပန်းချီနှင့် ပိုစတာပြိုင်ပွဲ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ကြည့်ရှုအားပေး

ရန်ကုန် မေ ၃၀

ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၀၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တိုင်းအဆင့် ကွန်ပျူတာ၊ ကာတွန်း၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲများကို မေ ၂၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ ရန်ကုန် ကွန်ပျူတာတက္ကသိုလ်နှင့် လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းရှိ မြည်းလာခန်းမတို့၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်၍ 'တန်ဖိုးရှိလူ၊ လူငယ်ဘဝ၊ မူးယစ်ကင်းစင်၊ ကျန်းမာမှု'၊ 'မူးယစ်ဆန့်ကျင်၊ အောင်ပွဲဆင်'၊ 'ပြစုကုသ၊ အောင်ပွဲရ၊ မူးယစ်ကင်းစင်ဘဝ'၊ 'အမှိုက်ကစ၊ ပြာသာဒ် မီးလောင်၊ မူးယစ်ဆေးကို ဝေးဝေးရှောင်'ဟူသော ခေါင်းစဉ်များဖြင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ယှဉ်ပြိုင်နေမှုများကို လှည့်လည်ကြည့်ရှု အားပေးသည်။

အခြေခံပညာ ကျောင်းများက တိုင်းအဆင့် ကွန်ပျူတာပြိုင်ပွဲသို့ ၅၃ ဦး၊ ကာတွန်းပြိုင်ပွဲသို့ ၅၂ ဦး၊ ပန်းချီပြိုင်ပွဲသို့ ၆၅ ဦးနှင့် ပိုစတာပြိုင်ပွဲသို့ ၆၃ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

(သတင်းစဉ်)

တိပိဋကဓရ ချီးကျူးပူဇော်ပွဲ အခမ်းအနား ကြိုတင်ပြင်ဆင်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၃၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုသည် မေ ၂၉ ရက် နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ် ကမ္ဘာအေး ကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူတော်အတွင်း ကျင်းပမည့် အကြိမ် (၆၀) မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲအတွက် အခမ်းအနား ကြိုတင်ပြင်ဆင်နေမှုများနှင့် သံဃာတော်များ နေရာချထားမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် အလုံမြို့နယ် ကရင်ခြံရပ်ကွက် အောက်ကြည့်မြင်တိုင်လမ်း အမှတ် (၃၃၆) ရှိ ကရင်နှစ်ခြင်း ခရစ်ယာန်အသင်းတော်သို့ သွားရောက်၍ ဖျာပုံခရိုင်နှင့် လပွတ္တာမြို့နယ်များမှ လေဘေးသင့် ခရစ်ယာန်ဘာသာဝင် ၅၀၀ ခန့်အား ပြင်ပအလှူရှင် မိသားစုများနှင့်အတူ ဆန်နှင့်အဝတ်အထည်များကို ကိုယ်တိုင် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

International Beverages Trading Co., Ltd (GRAND ROYAL) က ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များနှင့် ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်များမှ လေဘေးသင့် ပြည်သူများအား ဆန်များ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ကချင်ပြည်နယ်မှ ကြက်ခြေနီတပ်ဖွဲ့ဝင် ၆၁ ဦး ဧရာဝတီတိုင်း ဖျာပုံနှင့် ဘိုကလေးမြို့နယ်သို့ ထွက်ခွာ

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အစီအစဉ်ဖြင့် ကချင်ပြည်နယ် ကြက်ခြေနီတပ်ဖွဲ့မှ ဦးစီးမှူး ဦးဂဲနက်(စ်) ဦးဆောင်သော ကချင်ပြည်နယ် မြစ်ကြီးနား၊ မိုးကောင်း၊ မိုးညှင်း၊ ဝိုင်းမော်၊ ကာမိုင်း၊ ဗန်းမော်၊ ရွှေကူ၊ မိုးမောက်မှ တပ်ဖွဲ့ဝင် စုစုပေါင်း ၆၁ ဦးသည် **(အောက်ပုံ)** မေ ၂၈ ရက်ကစတင်၍ ဧရာဝတီတိုင်း ဖျာပုံနှင့် ဘိုကလေးမြို့နယ်များသို့ ရေကြောင်းခရီးဖြင့် သွားရောက်ကာ လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ်မှ သက်ဆိုင်ရာမြို့နယ်များသို့ ပေးပို့ထားသော ကယ်ဆယ်ရေး ပစ္စည်းများကို ကျေးရွာအရောက် ဖြန့်ဝေခြင်းလုပ်ငန်းတို့တွင် ဒေသခံ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် တစ်လကြာ ပူးပေါင်း ဆောင်ရွက်သွားကြမည်ဖြစ်သည်။

(ကြေးမုံ)

လေဘေးသင့်ပြည်သူများအတွက် ကိုရီးယားသမ္မတနိုင်ငံ GS. HOLDINGS မှ ပေးအပ်လှူဒါန်းသော ခြင်၊ ယင်နှိမ်နင်းရေးဆေးမှုတ်စက် အလုံး ၃၀ ကို မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် BLM SERVICES CO.,Ltd မှ ကျန်းမာရေးဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဝင်းမြင့် လက်ခံရယူစဉ်။

(ကြေးမုံ)

ဥတုရာသီ တောကိုမှီ၏

သားသမီးတို့အပေါ် အစဉ်လွှမ်းခြုံလျက်ရှိသည့် မိဘ၏ မေတ္တာစေတနာများ (၂)

(ယမန်နေ့မှအဆက်)

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာမှ ဖျာပုံခရိုင် ဖျာပုံမြို့သို့ ခရီးတစ်ထောက် ရောက်ရှိကြကာ လေဘေးဒဏ်ကြောင့် ပျက်စီးမှုများအတွက် ဆောင်ရွက်နေသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပါသည်။ ယင်းနောက် ဆရာဇော်ဂျီ ရာပြည့်ခန်းမသို့ရောက်ရှိပြီး ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေတို့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းတင်ပြချက်နှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးက လုပ်ငန်းများ သွက်လက်ထိရောက် လျင်မြန်စွာ ဆောင်ရွက်နိုင်ရေး လမ်းညွှန်မှာကြားခဲ့ပါသည်။ ယင်းနောက် ကယ်ဆယ်ရေးစခန်း အမှတ်(၁)သို့ သွားရောက်၍ လေဘေးသင့်ပြည်သူများအား အမိုးအကာလုံခြုံစွာ စနစ်တကျ နေရာချထားပေးမှုကို ကြည့်ရှုစစ်ဆေးပြီး လေဘေးသင့် ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားပါသည်။ ဆက်လက်၍ ကယ်ဆယ်ရေးစခန်းရှိ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် မြေရေစစ်အိုးစီမံချက်ဖြင့် မိသားစုသောက်ရေသန့်ရရှိရေး ဆောင်ရွက်ပေးထားမှုနှင့် ဖျာပုံမြို့ ပြည်သူ့ဆေးရုံကြီး ပြန်လည်ပြုပြင်တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြပါသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ဖျာပုံခရိုင် ဒေးဒရဲမြို့သို့ ရောက်ရှိကြပြီး ဒေးဒရဲမြို့ လေဘေးဒဏ်သင့်ခံရမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြပါသည်။ယင်းနောက် ဗိုလ်ချုပ်လမ်းရှိကွပ်ကဲရေးရုံး ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဗိုလ်ချုပ်မှူးကြီးအား ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ဒေးဒရဲမြို့၌ ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့က တိုင်းအတွင်း စပါးဖူလုံပိုလျှံမှု၊ ဆန်စက်များ ပြန်လည်လည်ပတ်နိုင်မှု၊ လယ်ယာမြေပြန်လည်ပြုပြင်ရေးနှင့် တာတမံများ ကြံ့ခိုင်အောင် ပြန်လည်ပြုပြင် တည်ဆောက်မှုအခြေအနေများကို ဖြည့်စွက်ရှင်းလင်း တင်ပြကြပါသည်။ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးက လိုအပ်သည်များကို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လပွတ္တာမြို့နယ် ကယ်ဆယ်ရေးစခန်းတွင် လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

လမ်းညွှန်မှာကြား၍ ဒေးဒရဲတံတားအနီးရှိ ကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လေဘေးသင့်ပြည်သူများအား တွေ့ဆုံ အားပေးစကား ပြောကြားခဲ့ပါသည်။

ဖျာပုံမြို့၌ ဗိုလ်ချုပ်မှူးကြီးက လမ်းညွှန်မှာကြားရာတွင် **"နိုင်ငံတော်တည်ဆောက်ရေး၌ နိုင်ငံတော်အစိုးရချည်းသက်သက်ဆောင်ရွက်၍မရနိုင်ကြောင်း၊ နိုင်ငံတော်တည်ဆောက်ရာ၌ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော် အင်အားစုသုံးရပ် ညီညွတ်စွာပူးပေါင်းတည်ဆောက်မှ အောင်မြင်နိုင်မည်ဆိုသည့် ခံယူချက်သည် နိုင်ငံတော်၏ မူဝါဒပင်ဖြစ်ကြောင်း၊ ဤမူဝါဒ၊ ခံယူချက်နှင့်အညီ တပ်မတော်က နိုင်ငံတော်၏တာဝန်ကို စတင်ရယူခဲ့ရချိန်မှ စတင်၍ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ပေါင်းစည်းညီညွတ်သည့် စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်လာခဲ့ခြင်းဖြစ်ကြောင်း၊ ဤစွမ်းအားစု သုံးရပ်၏ ညီညွတ်သည့် အားမာန်စွမ်းအားဖြင့် မည်သည့်အကျပ်အတည်း၊ အခက်အခဲကိုမဆို ရင်ဆိုင်ကျော်လွှားနိုင်ခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်ကြောင်း၊ ယခုမုန်တိုင်းဒဏ် ကျရောက်ခဲ့ရာ၌လည်း ဤပေါင်းစည်းညီညွတ်သည့် စွမ်းအားဖြင့်ပင် နိုင်ငံတော်ကို ပြန်လည်ထူထောင်နေခြင်းဖြစ်ကြောင်း၊ ရှေ့အဖို့မှာလည်း ဤ မူဝါဒခံယူချက်နှင့်ပင် မိမိနိုင်ငံမိမိ ဆက်လက်တည်ဆောက်သွားမည်ဖြစ်ရာ ရေရှည်တွင်လည်း အောင်မြင်မှုများ ရရှိမှာ အမှန်ပင်ဖြစ်ကြောင်း"** ဟူသည့် လမ်းညွှန်အမှာစကားသည် များစွာ အနှစ်သာရပြည့်ဝပြီး အလွန်ပင် လေးနက်တိကျမှန်ကန်လှပါသည်။ ကိုယ့်နိုင်ငံနှင့် ကိုယ့်ပြည်သူအကြောင်းကို "က"ကြီးမှ အစ "အ"အဆုံး ဂဃနဏ သိမြင်နားလည်ထားသည့် နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားမှုနှင့် မူဝါဒခံယူချက်များကား အထူးပင် လေးစားကြည်ညိုဖွယ် ကောင်းလှပါ၏။ ကျွန်တော်တို့ ပြည်သူအားလုံး၏ အနာဂတ်အတွက် တန်ဖိုးမဖြတ်နိုင်သည့် လုပ်ငန်းလမ်းညွှန်ချက်များပင် ဖြစ်ပါ၏။

မေလ ၂၀ ရက်နေ့ မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် တပ်မတော် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာလာရာ မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင် ဧရာဝတီတိုင်း ပုသိမ်မြို့သို့ ရောက်ရှိကြပါသည်။ ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ လိုက်ပါလျက် ညနေ ၃ နာရီ မိနစ် ၅၀ တွင် တပ်မတော် ရဟတ်ယာဉ်ဖြင့် ပုသိမ်မြို့မှ လပွတ္တာမြို့သို့ ရောက်ရှိကြပါသည်။ ရောက်ရှိသည်နှင့် ရတနာဒီပ အားကစားကွင်းရှိ ရတနာဒီပ ကယ်ဆယ်ရေးစခန်းသို့

သွားရောက်စစ်ဆေးပြီး လေဘေး
နှီးနှီး တွေ့ဆုံအားပေးစကား ပြော
ကယ်ဆယ်ရေးစခန်းအတွင်း ကျန်း
သည့် အထူးဆေးအဖွဲ့မှ ဆရာဝန်
များ၊ ဆေးခန်းရှိ ဆရာဝန်၊ ဆရာမ
ရေးအဖွဲ့တို့အား နှုတ်ဆက်အား
ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး
လူနာဆောင်တို့၌ လေဘေးဒဏ်
ကုသမှုခံယူနေကြသည့် ပြည်သူများ
ပြောကြားခဲ့ပါသည်။

ၚင်းနောက် လပွတ္တာမြို့နယ်
ဒေသ ပြန်လည်ထူထောင် တည်
အနီးကပ်ကြီးကြပ် ဆောင်ရွက်
တင်ထွတ်က လုပ်ငန်းဆောင်ရွ
ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်မှူးကြီ
နှင့် ပြန်လည်ထူထောင်ရေးလုပ်င
နှင့်အညီ လိုက်လျောညီထွေဖြစ်
ပေးရန် လမ်းညွှန်မှာကြားပါသည်။

စာမျက်နှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖျာပုံမြို့နယ် ကယ်ဆယ်ရေးစခန်းတွင် လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)



…များ (၂)

ကျော်ရဲမင်း

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မော်လမြိုင်ကျွန်း မြို့နယ်ပြည်သူ့ဆေးရုံတွင်လေဘေးဒဏ်ကြောင့်ဆေးဝါးကုသမှုခံယူနေကြသူများအား အားပေးစကား ပြောကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

- ကိုယ့်နိုင်ငံနှင့် ကိုယ့်ပြည်သူအကြောင်းကို "က"ကြီးမှ အစ "အ"အဆုံး ဂဃနဏ သိမြင်နားလည်ထားသည့် နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားမှုနှင့် မူဝါဒခံယူချက်များကား အထူးပင် လေးစားကြည်ညိုဖွယ်ကောင်း၏။
- ပြည်သူအားလုံး၏ အနာဂတ်အတွက် တန်ဖိုးမဖြတ်နိုင်သည့် လုပ်ငန်းလမ်းညွှန်ချက်များပင်ဖြစ်၏။
- ပြည်သူများနှင့်အတူ အေးအတူ ပူအမျှ မျှဝေခံစားနေသော နိုင်ငံတော်အကြီးအကဲ၏ ပုံရိပ်များကား ဒေသခံပြည်သူတို့၏ ရင်ထဲဝယ် အမြဲစွဲထင်ရှင်သန်နေမည်ဖြစ်သကဲ့သို့ အကြီးအကဲ၏ရင်ထဲမှ ပြည်သူများအပေါ်ထားရှိသည့် မေတ္တာ၊ စေတနာ အလှုပန်းများကလည်း ဒေသနှင့်ပြည်သူတို့အတွက် အစဉ်လွှမ်းခြုံသင်းပျံ့ အလှဆင်လျက် ရှိမည်သာဖြစ်၏။

သွားရောက်စစ်ဆေးပြီး လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားခဲ့ပါသည်။ ဆက်လက်၍ ကယ်ဆယ်ရေးစခန်းအတွင်း ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် အထူးဆေးအဖွဲ့မှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဆေးခန်းရှိ ဆရာဝန်၊ ဆရာမများနှင့် ထိုင်းနိုင်ငံ ဆေးကုသရေးအဖွဲ့တို့အား နှုတ်ဆက်အားပေးခဲ့သည့်အပြင် လပွတ္တာမြို့ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ပြင်ပလူနာဌာနနှင့် အမျိုးသားလူနာဆောင်တို့၌ လေဘေးဒဏ်ကြောင့် တက်ရောက်ဆေးဝါးကုသမှုခံယူနေကြသည့် ပြည်သူများအား တွေ့ဆုံအားပေး စကားပြောကြားခဲ့ပါသည်။

ငင်းနောက် လပွတ္တာမြို့နယ် ဘုရင့်နောင်ရိပ်သာ၌ လပွတ္တာဒေသ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ် ဆောင်ရွက်နေသည့် ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဒေသလိုအပ်ချက်နှင့်အညီ လိုက်လျောညီထွေဖြစ်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လမ်းညွှန်မှာကြားပါသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဘိုကလေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ကယ်ဆယ်ရေးစခန်းတွင် လေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဘိုကလေးမြို့နယ် ပြည်သူ့ဆေးရုံတွင် လူနာများကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

❀ စာမျက်နှာ ၉ ဆောင်းပါးမှအဆက်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် မော်တော်ယာဉ်များဖြင့် လပွတ္တာမြို့မှ မြောင်းမြမြို့သို့ ခရီးဆက်ခဲ့ကြပါသည်။ ရဟတ်ယာဉ်များဖြင့် ခရီးဆက်ရန် အဆင်မပြေသည့်အတွက် ဗိုလ်ချုပ်မှူးကြီးအနေဖြင့် လေဘေးသင့်ပြည်သူများအားလုံးထံ ရောက်လိုတွေ့လိုဇောဖြင့် အပင်ပန်းခံပြီး မော်တော်ယာဉ်များဖြင့် မရောက်ရောက်အောင် သွားရောက်ခဲ့ခြင်းပင်ဖြစ်ပါ၏။ မြောင်းမြမြို့သို့ ရောက်ရှိသည်နှင့် လပွတ္တာဒေသမှ လေဘေးသင့် ပြည်သူများအား စောင့်ရှောက်ထားရှိသည့် မြောင်းမြမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းရှိ အမှတ်(၄)ကယ်ဆယ်ရေးစခန်းသို့ ချက်ချင်းသွားရောက်ပြီး လေဘေးသင့် ပြည်သူများအား တရင်းတနှီး တွေ့ဆုံအားပေးစကားပြောကြားပါသည်။ ထို့နောက် ကယ်ဆယ်ရေးစခန်းရှိ ဆေးကုသခန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား စုံစုံလင်လင် တွေ့ဆုံနှုတ်ဆက်ပြီး မော်တော်ယာဉ်များဖြင့်ပင် ဆက်လက်ထွက်ခွာခဲ့ရာ ပုသိမ်မြို့သို့ ညပိုင်းကျမှ ပြန်လည်ရောက်ရှိခဲ့ပါသည်။ ရဟတ်ယာဉ် အဆင်မသင့်သည့်အတွက် ကားဖြင့်ခရီးဆက်ပြီး ယခုကဲ့သို့ အချိန်လင့်နေသည့်တိုင် ပြည်သူများနှင့်အတူ အေးအတူပူအမျှ မျှဝေခံစားနေသော နိုင်ငံတော်အကြီးအကဲ၏ ပုံရိပ်များကား ဒေသခံပြည်သူတို့၏ရင်ထဲဝယ် အမြဲစွဲထင် ရှင်သန်နေမည်ဖြစ်သကဲ့သို့ အကြီးအကဲ၏ ရင်ထဲမှ ပြည်သူများအပေါ်ထားရှိသည့် မေတ္တာ၊ စေတနာ အလှပန်းများကလည်း ဒေသနှင့် ပြည်သူတို့အတွက် အစဉ်လွှမ်းခြုံသင်းပျံ့ အလှဆင်လျက်ရှိမည်သာဖြစ်ပါသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မေလ ၂၁ ရက်နေ့ နံနက်ပိုင်းတွင် တပ်မတော်ရဟတ်ယာဉ်များဖြင့် ပုသိမ်မြို့မှ ထွက်ခွာလာရာ နံနက် ၉ နာရီခွဲတွင် ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့သို့ ရောက်ရှိခဲ့ပါသည်။ ရောက်ရှိပြီးနောက် ဗိုလ်ချုပ်မှူးကြီးအား ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က မော်လမြိုင်ကျွန်းဒေသ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြပါသည်။ ဗိုလ်ချုပ်မှူးကြီးက လိုအပ်သည်များ လမ်းညွှန်မှာကြားပြီးနောက် မော်လမြိုင်ကျွန်းမြို့ အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးရင်း မြို့နယ်ပြည်သူ့ဆေးရုံတွင် လေဘေးဒဏ်ကြောင့် ဆေးဝါးကုသမှုခံယူနေကြရသည့် လူနာများအား လိုက်လံကြည့်ရှု အားပေးကြပါသည်။

ထိုမှတစ်ဆင့် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ဖျာပုံခရိုင် ဘိုကလေးမြို့သို့ရောက်ရှိကြရာ ဘိုကလေးမြို့ လေဘေးကယ်ဆယ်ရေး ကွပ်ကဲမှုရုံး ရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ဘိုကလေးမြို့၏ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပါသည်။ ဗိုလ်ချုပ်မှူးကြီးက ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ရည်မှန်းချက်များနှင့်အညီ လုပ်ငန်းစဉ်အဆင့်ဆင့်ကို စီမံချက်များချမှတ်ပြီး စနစ်တကျဖြင့် လျင်မြန်စွာ ဆောင်ရွက်သွားရန်နှင့် ပင်လယ်ပိုင်းဒေသများသို့ လမ်းများဖောက်လုပ်ရေးကို အမြန်ဆုံးဆောင်ရွက်သွားရန် မှာကြားခဲ့ပါသည်။ ၎င်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းစဉ်အရ လေဘေးသင့်ပြည်သူများအတွက် တည်ဆောက်ပေးရန် ဆောက်လုပ် ပြသထားသော တန်ဖိုးနည်းအိမ်ရာနမူနာကို ကြည့်ရှု စစ်ဆေးကြပါသည်။ ဆက်လက်၍ ဘိုကလေးမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး လူနာများအား လိုက်လံကြည့်ရှု အားပေးကြပါသည်။

၎င်းနောက် ဘိုကလေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ကယ်ဆယ်ရေးစခန်းသို့သွားရောက်၍ လေဘေးသင့် ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားပြီး ဆေးပေးခန်းကို ကြည့်ရှုစစ်ဆေးကြပါသည်။ ၎င်းနောက် လေဘေးသင့်ခံရသည့် ဘိုကလေးမြို့၏ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြပါသည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် တပ်မတော် ရဟတ်ယာဉ်များဖြင့် ဘိုကလေးမြို့မှ ပုသိမ်မြို့သို့ ရောက်ရှိကြပြီးနောက် တပ်မတော်အထူးလေယာဉ်ဖြင့် ပုသိမ်မြို့မှ ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့ကြပါသည်။

နိုင်ငံတော် အကြီးအကဲအနေဖြင့် ခရီးစဉ်အတွင်း လေဘေးသင့်ဒေသများရှိ ပုဂ္ဂလိက အိုးအိမ်များ၊ သာသနိကအဆောက်အအုံများ၊ စာသင်ကျောင်း၊ ဆေးရုံ အပါအဝင် အစိုးရရုံးဌာနများ၏ ထိခိုက်ပျက်စီးမှုများကို တိကျမှန်ကန်စွာ စာရင်းဇယား မှတ်တမ်းတင်ထားရှိရန်၊ ၎င်းစာရင်းဇယားများအပေါ်မူတည်ပြီး ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်းများ ချမှတ်ဆောင်ရွက်သွားကြရန် လမ်းညွှန်ခဲ့ပါသည်။ ထို့အပြင် လေဘေးဒုက္ခသည်များအတွက် ဆန်၊ ဆီ၊ ဆား၊ ရိက္ခာကိစ္စ ပူပန်စရာမလိုအောင် ပုံမှန်ထောက်ပံ့ရေးလမ်းကြောင်းများ ထူထောင်ပေးသွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ပါသည်။ ရေကြောင်းသွားလာရေး၊ လယ်ယာမြေ ပြန်လည်ထူထောင်ရေး၊ ရေလုပ်ငန်းများနှင့် ဆားလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးတို့အတွက်လည်း အစစကူညီပံ့ပိုးပေးရန် လမ်းညွှန်မှာကြားသွားသဖြင့် ဒေသခံပြည်သူများ ရွှင်လန်းအားတက် ဝမ်းသာလျက်ရှိကြသည့်နည်းတူ တစ်နိုင်ငံလုံးရှိ ပြည်သူအားလုံးကလည်း ဝမ်းမြောက်နှမော်သာခုခေါ်လျက် ရှိကြပါ၏။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ **လမ်းညွှန်ချက်နှင့်အညီ လေဘေးသင့်ဒေသများတွင် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ရေရှည်အတွက် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဟူသည့် လုပ်ငန်းစဉ်(၃)ဆင့်ကို ဦးစားပေး အဆင့်အလိုက် စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ နိုင်ငံတော်ဘဏ္ဍာငွေကျပ် ဘီလီယံ ၇၀ ကျော် သုံးစွဲခဲ့ပြီးဖြစ်ပါသည်။ ပထမအဆင့်အနေဖြင့် ဒုက္ခသည်များအတွက် လတ်တလော လိုအပ်ချက်ဖြစ်သည့် စားဝတ်နေရေး၊ ဆေးဝါးကုသရေး စသည့် ချက်ချင်းဆောင်ရွက်ပေးရမည့်လုပ်ငန်းများကို ဦးစားပေး စတင်ဆောင်ရွက်ပေးခဲ့ပါသည်။ ဗိုလ်ချုပ်မှူးကြီးက ပြည်သူများ မူရင်းဒေသများတွင် ပြန်လည်နေထိုင်နိုင်ရေးအတွက် တစ်မိုးခံ ယာယီတဲများ ဦးစားပေးတည်ဆောက်ပေးရန်၊ ပလတ်စတစ်စများ လုံလုံလောက်လောက် ပံ့ပိုးပေးရန်၊ ရေရှည်အတွက် ပွင့်လင်းရာသီတွင် အခိုင်အမာ အဆောက်အအုံများ ပြန်လည်ထူထောင်နိုင်ရေး အားပေးဆောင်ရွက်ရန်၊ လက်ရှိတည်ရှိနေသည့် တိုက်တာအိမ်ခြေများကိုလည်း သွပ်အမိုးပြားများ လုံလောက်စွာ ပံ့ပိုးပေးရန် စသည်ဖြင့် လိုအပ်ချက်ဟူသမျှ မရှိရအောင် အသေးစိတ် ခရေစေ့တွင်းကျ မှာကြားနေသည်မှာ သားသမီးများအား ရင်အုပ်မကွာ ကာကွယ်စောင့်ရှောက် ပျိုးထောင် မြေတောင် မြှောက်ပေးနေသည့် မိဘတစ်ဦးထက်ပင် ပို၍ပြည့်စုံနေပါ၏။ ပို၍လည်း ပြည့်စုံနေမည်သာဖြစ်ပါသည်။ ဗိုလ်ချုပ်မှူးကြီးအနေဖြင့် ၅၇ သန်းကျော်သော သားသမီးများ၏ အနာဂတ်ဘဝ မပူမပင် မကြောင့်မကြရဘဲ နောင်ရေးစိတ်အေးရအောင် မိဘသဖွယ် အချိန်ပြည့် တွေးတောကြံဆ အားထုတ်စီမံ ဆောင်ရွက်ပေးနေသည် မဟုတ်ပါလား။**

(ဆက်လက်ဖော်ပြပါမည်။)

● ရေကြောင်းသွားလာရေး၊ လယ်ယာမြေ ပြန်လည်ထူထောင်ရေး၊ ရေလုပ်ငန်းများနှင့် ဆားလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးတို့အတွက်လည်း အစစကူညီပံ့ပိုး။

● လေဘေးသင့်ဒေသများတွင် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ရေရှည်အတွက် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးဟူသည့် လုပ်ငန်းစဉ်(၃)ဆင့်ကို ဦးစားပေးအဆင့်အလိုက် စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိ။

● လိုအပ်ချက်ဟူသမျှ မရှိရအောင် အသေးစိတ် ခရေစေ့တွင်းကျ မှာကြားနေသည်မှာ သားသမီးများအား ရင်အုပ်မကွာ ကာကွယ်စောင့်ရှောက် ပျိုးထောင် မြေတောင် မြှောက်ပေးနေသည့် မိဘတစ်ဦးထက်ပင် ပို၍ပြည့်စုံနေပါ၏။

● မုန်တိုင်းဒဏ်မှ

အလှူငွေကျပ် ၁၂၄၉၉၀၀၀ နှင့် ငွေကျပ် ၁၀၀၂၃၀၀၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ၊ စစ်ကိုင်းတိုင်းမှ စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၂၂၃၂၃၈၈၈၊ မန္တလေးတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၇၀၁၉၀၀ တန်ဖိုးရှိ အဝတ်အထည်မျိုးစုံနှင့် စားသောက်ကုန်ပစ္စည်းများ၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်မှ ပဥ္စမအကြိမ် လှူဒါန်းငွေကျပ် ၂၅၁၁ သိန်းတို့ကို အသီးသီး ပေးအပ်လှူဒါန်းခဲ့ကြပြီး ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီသို့ လာရောက်လှူဒါန်းငွေကျပ် ၁၁၄၁၅၃၀၀၀ အပါအဝင် စေတနာရှင်ပြည်သူများ၏ ယနေ့လှူဒါန်းသည့် ငွေနှင့်ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၄၁၁၈၉၆၁၅၀ (ငွေကျပ် သိန်းပေါင်း လေးထောင့်တစ်ရာတစ်ဆယ့်ရှစ်သိန်း ကိုးသောင်းခြောက်ထောင် တစ်ရာ့ငါးဆယ်) ဖြစ်ပြီး မေ ၃၀ ရက်အထိ လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၀၅၉၈၉၀၂၈၁၄ (ငွေကျပ် သိန်းပေါင်း တစ်သိန်း ငါးထောင့်ကိုးရာ ရှစ်ဆယ့်ကိုးသိန်း နှစ်ထောင့်ရှစ်ရာ တစ်ဆယ့်လေးကျပ်) ရှိပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတကာမှထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် မေ ၃၀

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီး ဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများပေးပို့လျက်ရှိကြရာ ကမ္ဘောဒီးယားနိုင်ငံအခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)မှ ရုံး အဆောက်အအုံသုံး ပစ္စည်းများ၊ တာပေါ်လင်များ၊ မီးစက်နှစ်လုံး၊ လီတာ(၁၀၀၀)ဆံ့ ဆီတိုင်ကီသုံးလုံး၊ လီတာ(၁၀၀၀)ဆံ့ ရေတိုင်ကီလေးလုံး၊ ဆီထည့်ပန့် ရှစ်ခု၊ မီးသတ်ဆေးဘူး ရှစ်လုံး၊ အိမ်သာသုံး ပစ္စည်းများ စုစုပေါင်း ၃၄ဒသမ ၆၉ တန်သည် IL-76 လေယာဉ်ဖြင့် ယနေ့နံနက် ၈ နာရီ ၂၅ မိနစ်တွင် လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုမှ အသက်ကယ်လှေခြောက်စင်း၊ ကျန်းမာရေးသုံး ပစ္စည်းများ၊ ပလတ်စတစ်စများ စုစုပေါင်း ၅၂ဒသမ ၄၃တန်သည်C-130 လေယာဉ်ငါးစင်း ဖြင့် နံနက် ၈ နာရီ ၅၅ မိနစ်၊ နံနက် ၁၀ နာရီ ၅ မိနစ်၊ နံနက် ၁၁ နာရီ ၁၃ မိနစ်၊ မွန်းလွဲ ၁၂ နာရီ ၅ မိနစ်နှင့် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တို့တွင် လည်းကောင်း၊ ဆွစ်ဇာလန်နိုင်ငံအခြေစိုက် နယ်စည်းမခြား ဆရာဝန်များအဖွဲ့မှ တာပေါ်လင်များ စုစုပေါင်း ၃၇ ဒသမ ၄၂၃ တန်သည် DC-8 လေယာဉ်ဖြင့် နံနက် ၁၀နာရီ မိနစ် ၄၀ တွင် လည်းကောင်း၊ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)မှ ကျန်းမာရေးသုံး ပစ္စည်းများ၊ မီးဖိုချောင်သုံး ပစ္စည်းများ၊ ရေသန့်ဆေးပြားများ ၂၉ ဒသမ ၅၉ တန်သည် AN-12 လေယာဉ်နှစ်စင်းဖြင့် မွန်းလွဲ ၁၂ နာရီ ၂၇ မိနစ်နှင့် ည ၇ နာရီ မိနစ် ၅၀ တို့တွင်လည်းကောင်း၊ ဗြိတိန်နိုင်ငံမှ ပလတ်စတစ်စများ၊ စောင်များ ၇၃ ဒသမ ၇၆၅ တန်သည် A-310 လေယာဉ်နှစ်စင်းဖြင့် မွန်းလွဲ ၂ နာရီ ၁၈ မိနစ်နှင့် ည ၈ နာရီ ၁၀ မိနစ်တို့တွင် လည်းကောင်း၊ ယူအေအီးနိုင်ငံ ဒူဘိုင်းအခြေစိုက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအဖွဲ့ (IFRC)မှ ဆေးဝါးမျိုးစုံ၊ ခြင်ထောင်များ၊ တာပေါ်လင်များ စုစုပေါင်း ၃၉ဒသမ ၇၉၄ တန်သည် DC-8 လေယာဉ်ဖြင့် ညနေ ၄ နာရီ ၃၅ မိနစ်တွင် လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာခဲ့ကြသည်။

မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ပြည်ပနိုင်ငံများမှ စေတနာရှင်များလှူဒါန်းသည့် ပစ္စည်းများသည် လေယာဉ်များ၊ သင်္ဘောများဖြင့် အဆက်မပြတ် ရောက်ရှိလျက်ရှိရာ ထိုရောက်ရှိလာသော ပစ္စည်းများကို လေဆိပ်၊ သင်္ဘောဆိပ်များတွင် ပစ္စည်းလက်ခံရယူရေး အဖွဲ့များက စနစ်တကျ လက်ခံရယူပြီး နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မုန်တိုင်းဒဏ်ခံခဲ့ရသောဒေသများသို့ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် ချက်ချင်း ဖြန့်ဝေပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့ဈေးကွက်တွင် လောင်စာဈေးနှုန်းကြီးမြင့်လာမှု၏ ဒဏ်မှ သက်သာစေရန်အတွက် ထိုင်းနိုင်ငံ အာဏာပိုင်များက ပြည်တွင်း ရှိ မော်တော်ယာဉ်သုံးစွဲသူများကို ဓာတ်ဆီနှင့်ဒီဇယ်ဆီအစား အီသနော လောင်စာနှင့် သဘာဝဓာတ်ငွေ့လောင်စာကို အစားထိုးသုံးစွဲရန် ပြင်ဆင်လျက်ရှိစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဒီမိုကရက်တစ်ပါတီ၏ သမ္မတလောင်းအဖြစ် မိမိ ရွေးချယ်ခံရမည်ဟု အိုဘားမားပြောကြား

ချီကာဂို မေ ၂၉

ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်းအဖြစ် မိမိအရွေးချယ်ခံရလိမ့်မည်ဟု မျှော်လင့်ကြောင်း ဆီနိတ်တာ ဘာရက်အိုဘားမားက မေ ၂၈ ရက်တွင် ပြောကြားသည်။

သမ္မတလောင်းအဖြစ် အရွေးချယ်ခံရရေးအတွက် ဒီမိုကရက်တစ်ပါတီမှ အိုဘားမားနှင့် ဆီနိတ်တာ ဟီလာရီကလင်တန်တို့သည် အကြိတ်အနယ် ယှဉ်ပြိုင်လျက်ရှိကြသည်။ ၎င်းတို့ နှစ်ဦးသည် အကြိုအခြေခံအဆင့်ရွေးပွဲများကို တောင်ဒါကိုတာပြည်နယ်နှင့် မွန်တာနာတို့တွင် ဆက်လက်ယှဉ်ပြိုင်ရန် ကျန်ရှိနေသေးသည်။

ထင်မြင်

လာမည့် အင်္ဂါနေ့တွင် ကျင်းပမည့် အထက်ပါ အကြိုအခြေခံအဆင့် မဲရွေးပွဲပြီးလျှင် နိုဝင်ဘာတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် စတင်ပြင်ဆင်နိုင်မည့် အခြေအနေရှိပါသလားဟု သတင်းထောက်များက မေးမြန်းခဲ့ရာ အိုဘားမားက မိမိအနေဖြင့် သမ္မတရွေးပွဲအတွက် ရီပတ်ဘလီကန်မှ ဂျွန်မက်ကိန်းနှင့် ယှဉ်ပြိုင်ရန် ပြင်ဆင်မှုများ စတင်နိုင်လိမ့်မည်ဟု ထင်မြင်ကြောင်း ဖြေကြားခဲ့သည်။

အိုဘားမားအနေဖြင့် ဒီမိုကရက်တစ်ပါတီ၏ သမ္မတလောင်းအဖြစ် အရွေးချယ်ခံရမည်ဟု ထင်မြင်ပါသလားဟု သတင်းထောက်များက ဆက်လက်မေးမြန်းသည်ကို ၎င်းက ထင်မြင်ပါသည်ဟု ဖြေကြားခဲ့သည်။ ထိုစကားများကို ဒင်ဗာမြို့မှ ချီကာဂိုသို့အသွား လေယာဉ်ပေါ်တွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ကန်တပ်ဖွဲ့ဝင်များ ကိုယ့်ကိုယ်ကိုယ်သတ်သေမှု ၂၀၀၇ ခုနှစ်၌ အမြင့်ဆုံးဖြစ်

ဝါရှင်တန် မေ ၃၀

စစ်မြေပြင်၌ တပ်ဖြန့်ထားသော အမေရိကန်တပ်ဖွဲ့ဝင်များအနက် ကိုယ့်ကိုယ်ကိုယ်သတ်သေမှုနှုန်းမှာ ၂၀၀၇ခုနှစ်တွင် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ ထိုသို့ ကိုယ့်ကိုယ်ကိုယ်သတ်သေမှုနှုန်းမြင့်တက်လာရခြင်းမှာ အီရတ်နှင့် အာဖကန်နစ္စတန်နိုင်ငံများ၌ တပ်ဖြန့်ထားသော အမေရိကန်တပ်ဖွဲ့ဝင်များအကြား စိတ်ဖိစီးမှုကြောင့် ဖြစ်ပွားရသည်ဟု ဖော်ပြထားသည်။

ပြီးခဲ့သော ၂၀၀၇ ခုနှစ်၌ ကိုယ့်ကိုယ်ကိုယ်သတ်သေသော အမေရိကန်တပ်ဖွဲ့ဝင် ၁၁၅ ဦးရှိပြီး ထိုသူများထဲမှ ၂၂ ဦးမှာ အမျိုးသားအစောင့်တပ်ဖွဲ့များနှင့် အရံတပ်ဖွဲ့ဝင်များဖြစ်ကြသည်ဟု စစ်ဘက်ဆိုင်ရာက ဖော်ပြထားသည်။ ၂၀၀၇ ခုနှစ်၌ မိမိကိုယ်ကိုသတ်သေမှုမှာ ၂၀၀၆ ခုနှစ်နှင့် နှိုင်းယှဉ်ကြည့်ပါက ၁၂ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်လာသည်ဟု မှတ်တမ်းတင်ထားသည်။ ထို့ပြင် ၂၀၀၆ ခုနှစ်တွင် ကိုယ့်ကိုယ်ကိုယ်သတ်သေသူမှာ ၁၀၂ဦးဖြစ်ပြီး ၂၀၀၅ ခုနှစ်၌ ၈၅ ဦးဖြစ်ကြောင်း သိရသည်။

အမေရိကန်တပ်ဖွဲ့ဝင်များအကြား ကိုယ့်ကိုယ်ကိုယ်သတ်သေမှုကို ၁၉၈၀ ပြည့်နှစ်ကတည်းက စတင်၍ မှတ်တမ်းတင်ထားရှိခဲ့ရာ ၂၀၀၇ ခုနှစ်တွင် ပိုမိုများပြားလာခဲ့သည်။ ထို့ပြင် ၂၀၀၈ ခုနှစ် မေလ ၂၆ ရက် နောက်ဆုံးကောက်ခံထားသောစာရင်းအရ မိမိကိုယ်ကို သတ်သေမှုမှာ ၃၈ ဦးရှိသွားပြီး ၂၀၀၇ ခုနှစ်နှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် တန်းတူဖြစ်သွားနိုင်သည်ဟု စစ်ဘက်ဆိုင်ရာ အရာရှိများက ပြောကြားသည်။

အမေရိကန် တပ်ဖွဲ့ဝင်များအကြား ၂၀၀၇ ခုနှစ် မိမိကိုယ်ကိုသတ်သေရန် ကြိုးစားမှု အရေးအတွက် ၉၃၅ မှု ဖြစ်ပွားခဲ့ကြောင်း စစ်ဘက်ဆိုင်ရာက ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

ပေကျင်း အိုလံပစ်ပွဲတော်ကာလအတွက် ရာသီဥတု ခန့်မှန်းရေးဂြိုဟ်တု ထပ်မံလွှတ်တင်

တိုင်ယွန် မေ ၂၉

တရုတ်နိုင်ငံက အိုလံပစ်ပွဲတော်ကာလအတွက် ရာသီဥတု ကြိုတင်ခန့်မှန်းရေး ဂြိုဟ်တုတစ်လုံးကို အင်္ဂါနေ့ နံနက်ပိုင်းက အာကာသအတွင်းသို့ ထပ်မံလွှတ်တင်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါဂြိုဟ်တုကို လောင်းမတ်ဒုံးပျံက တရုတ်နိုင်ငံ မြောက်ပိုင်းရှိ ရှန်ဇီပြည်နယ် တိုင်ယွန်ဂြိုဟ်တုလွှတ်တင်ရေးဌာနမှ ပေကျင်းစံတော်ချိန် ၁၁ နာရီ ၂ မိနစ်တွင် လွှတ်တင်ခဲ့သည်။

အဆိုပါဂြိုဟ်တုသည် သတ်မှတ်ထားသည့်အတိုင်း ၂၇ မိနစ်အကြာတွင် ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ ရောက်ရှိသွားခဲ့သည်။ ယင်းဂြိုဟ်တုတွင် ခေတ်မီစူးစမ်းရေးအာရုံခံကိရိယာများ တပ်ဆင်ထားသည်။

ယင်းဂြိုဟ်တုက ကမ္ဘာ့မြေပြင်၊ သမုဒ္ဒရာနှင့် အာကာသမှ အချက်အလက်များ ရရှိစေရန်အတွက် သုံးဘက်မြင် ကိရိယာတပ်ဆင်ထားပြီး ရာသီမရွေး ဖြစ်ရပ်အတွင်း အသုံးပြုနိုင်မည်ဖြစ်သည်။

ဂြိုဟ်တုက စုဆောင်းရရှိသည့် အချက်အလက်များကို တရုတ်နိုင်ငံက ရာသီဥတုခန့်မှန်းရာတွင် လွယ်ကူချောမွေ့စွာ အသုံးပြုရုံသာမက အခြားနိုင်ငံများကလည်း သုံးစွဲနိုင်မည်ဖြစ်သည်ဟု ကျွမ်းကျင်သူများက ပြောကြားသည်။

ပေကျင်းအိုလံပစ် အားကစားပွဲများ ကျင်းပနေစဉ် အဆိုပါဂြိုဟ်တုက ရာသီဥတုပြောင်းလဲမှုများနှင့် သတင်း အချက်အလက်များကို အချိန်မီ မှန်ကန်တိကျစွာ ပို့ပေးမည်ဖြစ်ကြောင်း တရုတ်မိုးလေဝသအဖွဲ့မှ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကြမ်းခင်းအုတ်ပြားအတွင်း ဝှက်၍ သယ်လာသော ကိုကင်းများ စပိန်ရဲတပ်ဖွဲ့ သိမ်းဆည်းရမိ

မဒရစ် မေ ၂၉

မက္ကဆီကိုနှင့် အာဂျင်တီးနားနိုင်ငံတို့မှ တင်ပို့သော ကြမ်းခင်းအုတ်ပြားအတုများအတွင်း၌ ဝှက်၍ ယူလာသော ကိုကင်း ကီလို ၅၇၀ ကို စပိန်ရဲက သိမ်းဆည်းရမိကြောင်း ရဲတပ်ဖွဲ့က တနင်္ဂနွေနေ့တွင် ပြောကြားသည်။ ရဲတပ်ဖွဲ့သည် ခုနစ်လတာ စုံစမ်းထောက်လှမ်းပြီးနောက် ဘာဆီလိုနာဆိပ်ကမ်းမြို့အနီး စက်မှုပန်းခြံတွင် သတ္တုနှင့် အင်တွဲပေါင်းစပ်၍ ပြုလုပ်ထားသော ကြမ်းခင်းအုတ်ပြားများအတွင်းမှ ကိုးကင်းများကို တွေ့ရခြင်းဖြစ်သည်။

မာလာဂါပြည်နယ် တောင်ပိုင်းနှင့် ဘာဆီလိုနာမြို့၌ နိုင်ငံပေါင်းစုံမှ လာသော လူ ၁၃ ဦးကို ဖမ်းဆီးခဲ့သည်။

အရာရှိတစ်ဦးပါဝင်

ထိန်းသိမ်းခံရသူများတွင် လေဆိပ် လုံခြုံရေး အကြီးအကဲ ကိုလံဘီယာစစ်တပ် အရာရှိတစ်ဦးလည်း ပါဝင်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန် အနောက်မြောက်ပိုင်း၌ သေနတ်သမားများ ပစ်ခတ်မှုကြောင့် လေးဦးသေဆုံး

အစ္စလမ္မာဘတ် မေ ၂၉

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း နယ်စပ်ဒေသရှိ ဒီရာအစ္စမေးခန်းခရိုင်တွင် မေ ၂၆ ရက်က သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် လူလေးဦးသေဆုံးကြောင်း ပြည်တွင်းရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့သည်။

အဆိုပါ သေနတ်သမားများသည် ရဲတပ်ဖွဲ့ဝင်တစ်ဦးကိုလည်း ပစ်သတ်ကြောင်း ဖော်ပြခဲ့သည်။ ဖြစ်ပွားရခြင်း အကြောင်းရင်းကို ပြောကြားခြင်းမရှိပေ။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်၌ နှစ်စဉ် ကလေးလေးသန်း မွေးဖွား မိနစ် ၂၀ တိုင်း မိခင်တစ်ဦးနှုန်း သေဆုံးနေ

အစ္စလာမ္မာဘတ် မေ ၂၉

ပါကစ္စတန်နိုင်ငံတွင် နှစ်စဉ် ကလေးငယ် လေးသန်းမွေးဖွားလျက်ရှိကြောင်း ကရာချီမြို့တွင် မေ ၂၇ ရက်က ကျင်းပသော ဆွေးနွေးပွဲ အစီရင်ခံစာ၌ ဖော်ပြထားသည်။

ထိုဆွေးနွေးပွဲကိုကရာချီတက္ကသိုလ် လူဦးရေသိပ္ပံပညာနှင့် လူမှုရေးပညာဌာနက စီစဉ်ကျင်းပခြင်းဖြစ်သည်။ ယင်းအစည်းအဝေး၏ ထုတ်ပြန်ချက်အရ ပါကစ္စတန်တွင် တစ်မိနစ်တိုင်း ကလေးငယ် ရှစ်ဦးမွေးဖွားကြောင်း သိရသည်။

ပါကစ္စတန်၌ ဖြစ်ပွားသော မီးဖွားမှုအရေအတွက် စုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းသည် အစဉ်အလာအရ လက်သည်ဖြင့် နေအိမ်၌ မွေးဖွားကြခြင်းဖြစ်သည်။ ထိုသို့သော အခြေအနေများကြောင့် မိနစ် ၂၀ တိုင်းတွင် မိခင်တစ်ဦးနှုန်း သေဆုံးနေရခြင်းဖြစ်သည်ဟု ပါကစ္စတန်အေပီ သတင်းဌာနက ဖော်ပြသည်။

မိခင်သေဆုံးနှုန်းသည် တစ်နှစ်လျှင် ၂၅၀၀၀ မှ ၃၀၀၀၀ အထိရှိနေကြောင်း ဆွေးနွေးပွဲ အစီရင်ခံစာက ဆက်လက်တင်ပြ ထားသည်။ ထိုသို့ သေဆုံးရခြင်းမှာ များသောအားဖြင့် သွေးတိုးခြင်း၊ အခြားရောဂါများဝင်ခြင်း၊ ကိုယ်ဝန်ပျက်ကျခြင်းနှင့် အခြားအကြောင်းများကြောင့် ဖြစ်သည်ဟု ဆိုသည်။

အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့တွင် ပျမ်းမျှအားဖြင့် သားဖွားမိခင် ၁၀၀၀၀၀ ရှိတိုင်း မိခင် ၅၀၀ ကျော် သေဆုံးနေသည်။ မိခင် သေပျောက်နှုန်းမှာ ဘင်္ဂလားဒေ့ရှ်တွင် ၃၅၀၊ မလေးရှားတွင် ၄၁ ဦး၊ သီရိလင်္ကာတွင် ၉၂ ဦးနှင့် အီရန်တွင် ၇၆ ဦး နှုန်းရှိသည်။ ထိုနှုန်းထားများမှာ မိခင်ဦးရေ ၁၀၀၀၀၀ ပေါ်တွင် အခြေခံ၍ တွက်ချက်ထားခြင်း ဖြစ်သည်။

ကရာချီတက္ကသိုလ် လူဦးရေသိပ္ပံပညာနှင့် လူမှုရေးပညာဌာန၏ အကြီးအကဲ ဒေါက်တာ ဖာတချ်မူဟာမက်ဘူဖတ်၏ အဆိုအရ ပါကစ္စတန်၏ သားဖွားမိခင်များ သေဆုံးရသည့် အဓိကအကြောင်းရင်းမှာ မိခင်တစ်ဦးစီ၏ ကလေးမွေးနှုန်း များပြားခြင်း၊ သွေးအားနည်းရောဂါ ဖြစ်ပွားခြင်း၊ လေ့ကျင့်သင်ကြားထားမှု မရှိသော အရပ်လက်သည်များဖြင့် မွေးဖွားရခြင်း၊ ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယများ မပြည့်စုံခြင်း၊ အတွေ့အကြုံအကြားအမြင် နည်းပါးခြင်း စသည့်အကြောင်းများကြောင့် ဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ထွက်ပြေးလာသူ ပြည်သူအချို့ကို မေ ၂၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

Htoo Trading Co., Ltd. နှင့် Air Bagan Co., Ltd မှ စက်ယန္တရားများဖြင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ဘိုကလေးမြို့နယ်တွင် လျှပ်စစ်မီးတိုင်များ ပြန်လည်ပြုပြင်တပ်ဆင်နေစဉ်။ (ကြေးမုံ)

လပွတ္တာမြို့နယ်၌ လေဘေးသင့် ပြည်သူများအား ထိုင်းနိုင်ငံကျန်းမာရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်

ရန်ကုန် မေ ၃၀

ကျန်းမာရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့ အစီအစဉ်ဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးစောင့်ရှောက်သူများအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်လွင် ဦးဆောင်လျက် မေ ၂၃ ရက်တွင် လပွတ္တာမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှကြိုင်နှင့် တွေ့ဆုံညှိနှိုင်းပြီး လပွတ္တာမြို့နယ် ရတနာဒီပအားကစားကွင်းအတွင်းရှိ ကယ်ဆယ်ရေးစခန်း၌ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီးမောင်သန့် ခေါင်းဆောင်သော အထူးဆေးကုအဖွဲ့နှင့်အတူ ပူးပေါင်း၍ လေဘေးသင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ခြင်း၊ ဆေးဝါးကုသခြင်းများ ပြုလုပ်ပေးကြသည်။

ဆက်လက်၍ ထိုင်းနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ Dr. Pichit Siriwan ခေါင်းဆောင်သော ထိုင်းနိုင်ငံ ကျန်းမာရေးအဖွဲ့သည် (၅)မိုင်စခန်းရှိ လူနာများအား ပြုစုကုသပေးကြကာ စခန်းအတွင်း စေတနာ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော ဧရာဝတီတိုင်းနှင့် မကွေးတိုင်းမှ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးကြပြီး ကယ်ဆယ်ရေးစခန်းသို့ ထပ်မံရောက်ရှိလာသူများအား လိုက်လံကြည့်ရှုကုသပေးကြသည်။

ထို့နောက် ထိုင်းနိုင်ငံ ကျန်းမာရေးစောင့်ရှောက်သူများအဖွဲ့သည် လပွတ္တာမြို့နယ် ကျောက်မော်ရွာအနီးရှိ (၅)မိုင် ကယ်ဆယ်ရေးစခန်းသို့ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

မုန်တိုင်းဒဏ်ကြောင့် ပျက်စီးယိုယွင်းသွားခဲ့သည့် ဘိုကလေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအား ပြန်လည်ပြုပြင် တည်ဆောက်အပြီး တွေ့ရစဉ်။

(ကြေးမုံ)

မုန်တိုင်းဒဏ် ခံရသော ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်း အသီးသီးရှိ စေတနာရှင် အလှူရှင်များက ထောက်ပံ့ငွေနှင့် ပစ္စည်းများ ဆက်လက်လှူဒါန်း

နေပြည်တော် မေ ၃၀

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ တပ်မတော်သားမိသားစုများနှင့် စေတနာရှင်ပြည်သူများက အမျိုးသားရေး စိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၁၀၉၆၂၅၀ တန်ဖိုးရှိ ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ●**

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

အနောက်တောင် မုတ်သုံလေသည် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများကို ဆက်လက်ဝင်ရောက်နိုင်သည်။